# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီး သည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ် သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ် သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါဠိတော်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့။ Monday 1 October 2018 ၉၄၂၆


## ဥပဒေဆိုင်ရာ အထောက်အကူပေးရေး

■ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကူးစက်ရောဂါ ခံစားနေရသူများ စသည့် အားနည်းချက်အမျိုးမျိုးကြောင့် တရားရင်ဆိုင်နိုင်စွမ်းနည်းပါးသူများကို ဥပဒေပညာဖြင့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းနေပါသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရိဒ်ခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် ဆူရ်ဘုန်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းတို့အား ကြည့်ရှုစစ်ဆေး





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့ ဆူရ်ဘုန်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

**ဖလမ်း စက်တင်ဘာ ၃၀**

နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ကလေးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးအောင်ထူး၊ ဦးကျော်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် တီးတိန်မြို့နယ် လိုင်တွီးကျေးရွာသို့ ရောက်ရှိကြရာ လိုင်တွီးကျေးရွာဒေသခံများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရိဒ်ခေါဒါရ်မြို့သို့ ရောက်ရှိကြပြီး မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံ ဦးစံဖြိုးဝေနှင့် တာဝန်ရှိသူများက ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်မှ ၂၀၁၈ အထိ ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုပမာဏနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပို့ကုန်/သွင်းကုန် ကုန်သွယ်မှုပမာဏလျာထားချက်၊ အခွန်ကောက်ခံရရှိမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ကုန်သွယ်ရေးစခန်းအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အိန္ဒိယအကူအညီဖြင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

## မွန်ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ရည်ရွယ်ပြီး ထာဝစဉ်မမေ့ မွန်မှုဓလေ့ ဖျော်ဖြေပွဲကျင်းပ

စာမျက်နှာ - ၅

## အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲ ကျင်းပမည်

စာမျက်နှာ - ၁၂

## သူ့ဘက်ကိုယ့်ဘက် ချိန်စက်ရှုမြင် ကုလတစ်ခွင်

စာမျက်နှာ - ၁၇


C B BANK

Contact Center : 01 231 777 0

www.cbbank.com.mm

contact@cbbank.com.mm

cbbankmyanmar

TRANSACTION BANKING SERVICES

- Account Receivable Solutions
- Account Payable Solutions
- Liquidity Management Solution
- Account Information Solution
- System Integration Solution
- Reconcilation Solution

ကြေးမုံ

# ငြိမ်းချမ်းသည့်နည်းလမ်းဖြင့် ချဉ်းကပ်ဖြေရှင်း

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသော (၇၃)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ စတုတ္ထနေ့ စက်တင်ဘာလ ၂၈ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်ပြီး အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအနေဖြင့် နိုင်ငံအားလုံးအတွက် ဆီလျော်မှုရှိသည့် ပိုမိုကောင်းမွန်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရေးအတွက် အပြုသဘောဆောင်ပြီး ငြိမ်းချမ်းသည့်နည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဦးစွာပြောကြားခဲ့သည်။ ဆက်လက်၍ အချုပ်အခြာအာဏာ တန်းတူညီတူရှိမှုဆိုသည့် မူအပါအဝင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကြီး၏ အခြေခံမူများအား မေ့လျော့ထားရန် မဖြစ်နိုင်ကြောင်း၊ အပြုသဘောဆောင်ပြီး ငြိမ်းချမ်းသည့်နည်းလမ်းများဖြင့်ဆောင်ရွက်မှသာ နိုင်ငံအားလုံးနှင့်ဆီလျော်သည့် ပိုမိုကောင်းမွန်သော ကုလသမဂ္ဂကြီးကို ဖန်တီးနိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆိုလိုသည်မှာ မျက်မှောက်ကာလ ရင်ဆိုင်နေရသော ရှုပ်ထွေးသည့် စိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းနိုင်ရန်အတွက် အရေးပါသည့် ကုလသမဂ္ဂအဖွဲ့အစည်းကြီး၏ကဏ္ဍကို မြှင့်တင်နိုင်ရန် လိုအပ်ချက်ကို အသိပေးသည့်သဘောနှင့် နိုင်ငံများအပေါ် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ချဉ်းကပ်ဖြေရှင်းဆောင်ရွက်ရာတွင် တန်းတူညီမျှရှိရေးမူကို အလေးထားရေး၊ မှန်ကန်မှု၊ တရားမျှတမှုရှိပြီး အပြုသဘောဆောင်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ရေးတို့ကို ဦးစားပေးရန် အကြံပြုလိုရင်းဖြစ်သည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်တွင် အာဆာအကြမ်းဖက်အဖွဲ့သည် မြန်မာနိုင်ငံ လုံခြုံရေးတပ်ဖွဲ့များကိုသာမက ရခိုင်ပြည်နယ်တွင်နေထိုင်ကြသည့် မတူညီသော လူမှုအသိုက်အဝန်းများကိုပါ ဦးတည်တိုက်ခိုက်ခဲ့ရာ ထိုတိုက်ခိုက်မှုများကြောင့် စိုးရိမ်ကြောက်ရွံ့မှု၊ မတည်ငြိမ်မှုတို့ ဖြစ်ပေါ်ခဲ့ရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဒုက္ခသည်အမြောက်အမြား ထွက်ပြေးခဲ့ကြသည်။ လက်ရှိအခြေအနေတွင် ယင်းထွက်ပြေးမှုကိုသာ နိုင်ငံတကာအနေဖြင့် တွင်တွင်စွပ်စွဲပြောဆိုနေကြပြီး ယင်းပြဿနာကိုအကြောင်းပြု၍ အပြစ်ပေးအရေးယူနိုင်ရန် ကြံစည်အားထုတ်မှုမှာ ကုလသမဂ္ဂ၏အခြေခံမူနှင့် မကိုက်ညီသောလုပ်ရပ်များပင်ဖြစ်သည်။

နိုင်ငံတကာအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ လတ်တလောအခြေအနေနှင့် ယခင်ကတည်းက ဖြစ်တည်နေသည့် ပိုမိုကျယ်ပြန့်နက်နဲရှုပ်ထွေးသော အကြောင်းကိစ္စများကိုမူ မျက်ကွယ်ပြုကာ မြန်မာနိုင်ငံအပေါ် မမှန်ကန်သည့် ဆောင်ရွက်မှုများသာ ပြုလုပ်လာသည်ကိုတွေ့ရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင်ရှိသော အသိုက်အဝန်းအားလုံးအတွက် လိုအပ်သော တည်ငြိမ်မှု၊ ပြန်လည်သင့်မြတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို စေတနာမှန်ကန်စွာဖြင့် တပေါင်းတစည်းတည်း ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အစိုးရအနေဖြင့် ကုလသမဂ္ဂ၏အခန်းကဏ္ဍကို အလေးထားပြီး ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း လူမှုအသိုက်အဝန်းများအကြား သဟဇာတဖြစ်ရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် ခိုင်မာသည့် သက်သေမပြနိုင်သော ဇာတ်ကြောင်းများကိုအခြေခံသည့် အစီရင်ခံစာကို ထုတ်ပြန်ခြင်းသည် တင်းမာမှုကိုသာ ဆက်လက်ဖြစ်ပေါ်စေပြီး ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအကြား ပေါင်းစည်းရေးကို အဟန့်အတားဖြစ်စေနိုင်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာပြည်သူများ၏ စိတ်ဓာတ်သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိသည်။ မြန်မာနိုင်ငံ၏အရေးအတွက် မိမိတို့စွမ်းအားဖြင့် ရင်ဆိုင်ဖြေရှင်းကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး သဟဇာတဖြစ်ရေး ဆောင်ကြဉ်းပေးရန် အားထုတ်ကြရာတွင် ကြုံတွေ့လာမည့် စိန်ခေါ်မှုများအား ရင်ဆိုင်ဖြေရှင်းရန် အားလုံးစည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိနေပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ ကမ္ဘာလှည့်ခရီးသည်များအား ပြည်ဝင်ဗီဇာဖြေလျှော့မှုကို စတင်ဆောင်ရွက်ပေးမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံသို့ လာရောက်မည့် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်နှင့် မကာအိုတို့မှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ ကမ္ဘာလှည့်ခရီးသည်များအား ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ စမ်းသပ်ကာလ တစ်နှစ်သတ်မှတ်၍ ပြည်ဝင်ဗီဇာဆိုင်ရာ ဖြေလျှော့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသို့လာရောက်မည့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံ၊ မကာအိုနှင့် ဟောင်ကောင်တို့မှ ကမ္ဘာလှည့်ခရီးသည်များအား ဗီဇာကင်းလွတ်ခွင့် (Visa Exemption) ဖြင့် အပြည်ပြည်ဆိုင်ရာ ဝင်၊ထွက်ပေါက်များအဖြစ် သတ်မှတ်ထားသော ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်၊ မြဝတီ၊ ထီးခီးနှင့် ကော့သောင်းအပြည်ပြည်ဆိုင်ရာ ကုန်းတွင်းဝင်၊ ထွက်ပေါက်များ၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနှင့် ရိခေါဒါရ်အပြည်ပြည်ဆိုင်ရာ ကုန်းတွင်းဝင်၊ထွက်ပေါက်များမှ ဝင်ရောက် ထွက်ခွာခွင့်ပြုမည် ဖြစ်သည်။

ထိုသို့ ခွင့်ပြုရာတွင် ကမ္ဘာလှည့် ဗီဇာတစ်မျိုးတည်းဖြင့် အလည်အပတ်အတွက်သာ ဝင်ရောက်ခွင့်ပြုပြီး ဗီဇာကင်းလွတ်ခွင့်ဖြင့် ရက်ပေါင်း ၃၀ နေခွင့်ပြု၍ နေခွင့်သက်တမ်း ထပ်မံတိုးမြှင့်ပေးမည် မဟုတ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံသို့ လာရောက်လိုသည့် သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ တရုတ်နိုင်ငံသား ကမ္ဘာလှည့် ခရီးသည်များကိုလည်း လေကြောင်းခရီးစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာချိန်တွင် ကမ္ဘာလှည့် ဗီဇာကို ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်ဖြင့် ဝင်ခွင့်ပြုမည်ဖြစ်ပြီး ဆိုက်ရောက်ဗီဇာအခငွေ အမေရိကန်ဒေါ်လာ ၅၀ကောက်ခံ၍ ရက်ပေါင်း ၃၀ နေခွင့်ပြုမည်ဖြစ်သည်။ ကမ္ဘာလှည့်ဗီဇာတစ်မျိုးတည်းဖြင့် အလည်အပတ်ဝင်ရောက်ခွင့်ပြုမည်ဖြစ်၍ နေခွင့်သက်တမ်းထပ်မံတိုးမြှင့်ပေးမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် စက်တင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် ပခုက္ကူစာပေဆုရ ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် ကျော်လွင်(စက်မှု)၏ "တောအရိပ် တောင်အရိပ်အောက်က စေတနာပုံရိပ်နှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဆရာကျော်လွင် (စက်မှု)၏ စာအုပ်တွင် တောအရိပ် တောင်အရိပ်အောက်က စေတနာပုံရိပ်များ၊ ခြေရာ၊ ကိုယ့်ရပ်ဌာနေ၊ ဆရာကတော်၊ နတ်ထွင်းတဲ့ခံတွင်း အပါအဝင် ဝတ္ထုတို ၁၃ ပုဒ်ဖြင့် ဖွဲ့စည်းထားပြီး ဖြတ်သန်း ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များ၊ မိမိပတ်ဝန်းကျင်မှ ဘဝဇာတ်လမ်းစုံများကို ရသမြောက် အရေးအဖွဲ့တို့ဖြင့် တန်ဆာဆင်ရေးသားထားသည်။

ဝတ္ထုတိုတစ်ပုဒ်စီတိုင်းတွင် ဘဝသင်ခန်းစာများ၊ တွေးဆဆင်ခြင်စရာများကို သုတ၊ရသလွှမ်းခြုံကာ ရေးဖွဲ့တင်ပြထားသည်ကို ခံစားကြရမည်ဖြစ်ရာ စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၇၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# ကျောက်ထုတွင် မိုးစပါး ပိုးမွှားအန္တရာယ် အသိပညာပေး

**ကျောက်ထု စက်တင်ဘာ ၃၀**

မိုးစပါးစိုက်ပျိုးရာတွင် ကျရောက်တတ်သည့် ပိုးမွှားအန္တရာယ်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောပွဲများကို ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနက စက်တင်ဘာလ စတုတ္ထပတ်မှစတင်ကာ ကျေးရွာများ၌ အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ဟောပြောပွဲများ ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ "မိုးစပါးစိုက်ပျိုးရာမှာ ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်နဲ့ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုအကြောင်းတွေကို တောင်သူတွေကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် အသိပညာပေးဟောပြောပွဲတွေ ပြုလုပ်ဆွေးနွေးပေးတာဖြစ်ပါတယ်"ဟု ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မြင့်က ပြောသည်။

သီးထပ်သီးညှပ် ရာသီအလိုက် စိုက်ပျိုးကြရာတွင် ဓာတုလွတ်စိုက်ပျိုးနည်းစနစ်ဖြင့် သီးနှံများအထွက်နှုန်းကောင်းရန် ဘိုကာရှီမြေဆွေးကိုပြုလုပ်စိုက်ပျိုးကြသည်။အဆိုပါဟောပြောပွဲများ၌ ကျေးရွာစွန့်ပစ်အမှိုက် လယ်ယာမြေရတနာသိုက်ခေါင်းစဉ်ဖြင့် အလျား ခြောက်ပေ၊ အနံ ခြောက်ပေ၊ အမြင့် လေးပေရှိ ကျင်းတူးပြီး ဆွေးလွယ်သည့်သစ်ရွက်များကို ညီအောင်ဖြန့်ခင်းလျက်ယင်းအပေါ်မှ ဖွဲနုသုံးတင်း၊ နွားချေး ၁၀ တင်း၊ နှမ်းဖတ်၊ ပဲဖတ် ၁၀ ပိဿာ၊ နုန်းမြေ၊ သစ်ဆွေးမြေ ၁ ဒသမ ၅ တင်း၊ မီးသွေး တစ်တင်း၊ ရေ ၈၀ လီတာတို့ဖြင့် သဘာဝမြေဩဇာ ပြုလုပ်နည်းကိုပါ လက်တွေ့ဆောင်ရွက်ပြသပေးကြကြောင်း သိရသည်။

**၄၆၅**




ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂

ရှေ့ဖုံးမှ

ဖောက်လုပ်မည့် တီးတိန်-ရိဒ်ခေါဒါရ်လမ်းသစ် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးကျော်လင်းတို့က ဖြည့်စွက်တင်ပြကြသည်။

### သတိပြုစေလို

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပို့ကုန်ပမာဏ ပိုမိုတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်နိုင်ငံက ဝယ်လိုသည့်ကုန်ပစ္စည်းနှင့် ဈေးကွက်အခြေအနေကို အမြဲလေ့လာရန်လိုကြောင်း၊ သွင်းကုန်များအနက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို သက်ဆိုင်ရာဌာနမှ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ ခွင့်ပြုရန် သတိပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရိဒ်ခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်ချကွင်းသို့ရောက်ရှိပြီး ကုန်ချကွင်းအခြေအနေနှင့် အသစ်ပြန်လည်ဆောက်လုပ်ရန် လျာထားသည့် ကုန်စစ်စင်ကို ကြည့်ရှုစစ်ဆေးသည်။

### အဆင့်မြှင့်တင်

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ယခုအခါ ရိဒ်ခေါဒါရ်-ဇိုခေါဒါရ်ကို နိုင်ငံတကာ နယ်စပ် ဝင်၊ ထွက်ဂိတ်အဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်ရာ ကုန်သွယ်မှုအပြင် ခရီးသွားလုပ်ငန်းအတွက်ပါ များစွာအထောက်အကူပြု တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ နယ်စပ် ဝင်၊ ထွက်ပေါက် ဖြစ်လာသည့်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို နိုင်ငံတကာနှင့်လျော်ညီသည့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရာတွင်လည်း မိမိနိုင်ငံနှင့် သင့်တော်သည့် ပုံစံဖြစ်ရန်လိုကြောင်း မှာကြားသည်။

### ထည့်သွင်းစဉ်းစားရန်လို

ယင်းနောက် ရိဒ်ခေါဒါရ် နိုင်ငံတကာ နယ်စပ် ဝင်၊ ထွက်ပေါက်သို့ရောက်ရှိပြီး နယ်စပ် ဝင်၊ ထွက်ဂိတ်၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများနှင့် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနေမှုလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ရန် အခက်အခဲရှိသူများ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ရေး ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အနီးဆုံးနေရာများတွင် ပြုလုပ်နိုင်မည်ဆိုပါက နှစ်နိုင်ငံပြည်သူများ ဝင်၊ ထွက်သွားလာမှု ပိုမိုအဆင်ပြေစေလာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရိဒ်ရေကန်သို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဒေသခံပြည်သူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်ထောင်စုရိပ်သာ၌ တွေ့ဆုံသည်။

### ပေါင်းစပ်ညှိနှိုင်း

တွေ့ဆုံပွဲတွင် ဒေသခံများက ဒေသ၏ကျန်းမာရေးလိုအပ်ချက်၊ သောက်သုံးရေလိုအပ်ချက်နှင့် မြို့နယ်ခန်းမဆောက်လုပ်ပေးရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ဖလမ်းမြို့ ဆူရဲဘုန်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ခေါဒါရ် နိုင်ငံတကာနယ်စပ် ဝင်၊ ထွက်ပေါက်ကို ကြည့်ရှုစစ်ဆေးစဉ်။

### ရှင်းလင်းတင်ပြ

ဒုတိယသမ္မတနှင့်အဖွဲ့အား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူး ဦးထွန်းဇော်က လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးသည့် လုပ်ငန်းများ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မြေထိန်းနံရံတည်ဆောက်မည့် ပုံစံ၊ လေဆိပ်အတွက် ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှု၊ အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စီမံကိန်း ပထမအဆင့် ပြီးစီးနိုင်ရေး ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရေရှည်ခိုင်ခံ့မှုရှိရေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လေယာဉ်ကွင်းတည်ဆောက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိရေး သတ်မှတ်စံချိန်စံညွှန်းမီအောင် တည်ဆောက်သွားရန်၊ ဇက်တိုဘာမြက် စိုက်ပျိုးခြင်းကို တိုးချဲ့ဆောင်ရွက်သွားရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး စနစ်တကျ ကြိုးစားကြပ်မတ်ဆောင်ရွက်ရန်နှင့် လေယာဉ်ပြေးလမ်း မြေဖို့၊ မြေကြိတ်ခြင်း လုပ်ငန်းများတွင် အရည်အသွေးကို စနစ်တကျ ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆူရဲဘုန်လေယာဉ်ကွင်းပြေးလမ်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖလမ်းမြို့သို့ ရောက်ရှိကြပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တောင်ဇလပ်ရိပ်သာ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ဇိန်မှုတောင် အမျိုးသားသဘာဝဥယျာဉ်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်နေမှု၊ လိုင်သီးလီဆည်တည်ဆောက်မှု၊ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

### ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်

တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက တမူး-မိုရေး နယ်စပ်ဂိတ်နှင့် ရိဒ်ခေါဒါရ်-ဇိုခေါဒါရ် နယ်စပ်ဂိတ်များကို နိုင်ငံတကာ ဝင်၊ ထွက်ပေါက်များအဖြစ် အဆင့်တိုးမြှင့်ခဲ့ပါကြောင်း၊ ယခင်က မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်တွင် နိုင်ငံတကာ ဝင်၊ ထွက်ပေါက် လေးခုသာရှိခဲ့ပြီး ယခုအခါ အိန္ဒိယနိုင်ငံနှင့် နိုင်ငံတကာ ဝင်၊ ထွက်ပေါက် နှစ်ခု ထပ်မံဖွင့်လှစ်နိုင်ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ဝင်၊ ထွက်ပေါက် ဖြစ်လာသည့်အတွက် နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်အောင် အခြေခံအဆောက်အအုံများကို ဆက်လက်လုပ်ဆောင်သွားရန်ရှိပါကြောင်း၊ နိုင်ငံတကာ ဝင်၊ ထွက်ပေါက်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းကြောင့် နှစ်ဖက်နိုင်ငံသားများသာမက တတိယနိုင်ငံသားများပါ ဗီဇာဖြင့် ဝင်ရောက်လာနိုင်မည်ဖြစ်ရာ ယခုထက် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ရိဒ်ရေကန်သည် ချင်းပြည်နယ်၏ သင်္ကေတတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ရိဒ်ရေကန်ကို တာဝန်အရမဟုတ်ဘဲ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စေတနာထား၍ ဒေသ၏လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရိဒ်ခေါဒါရ်မြို့၌ ဒေသခံပြည်သူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်ထောင်စုရိပ်သာတွင် တွေ့ဆုံမှာကြားစဉ်။


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပုပ်ရဟန်းမင်းကြီး ဖရန်စစ်လှူဒါန်းသော ငွေကျပ် သိန်း ၁၃၃၀ ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်

**စစ်တွေ စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ်ရှိ ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်သူများအကြား သဟဇာတရှိရှိ ငြိမ်းချမ်းစွာနေထိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်မှု ဖြစ်စဉ်များ ကြုံတွေ့ခံစားခဲ့ရသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြိုနှင့် သက်လူမျိုးစုတို့အား ထောက်ပံ့ပေးနိုင်ရန်အတွက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် လှူဒါန်းသော အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသည့် မြန်မာကျပ်ငွေ သိန်း ၁၃၃၀ အား လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင် ပြည်မြို့သာသနာပိုင် ဆရာတော် ဦးပြုံးချိုတို့က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် လှူဒါန်းသော အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသည့် မြန်မာကျပ်ငွေ သိန်း ၁၃၃၀ အား ပြည်ထောင်စုဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့လွှဲပြောင်းပေးအပ်သည့် အလှူငွေများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မောင်တောမြို့နယ်အတွင်းရှိ ရွှေဇားကျေးရွာ၊ ဖော်ကီတောင်ကျေးရွာ၊ သက်ကိုင်ညာကျေးရွာ၊ ကြိမ်ချောင်းကျေးရွာနှင့် ငါးခူရကျေးရွာတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ပေါ်ရှိ မဏိရတနာကျောင်းတိုက်၊ ဓမ္မသုခကျောင်းတိုက်နှင့် ဒက္ခိဏာရာမကျောင်းတိုက်များသို့ သွားရောက်၍ ကျောင်းတိုက်ပဓာန နာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အမေရိကန်ပြည်ထောင်စုတွင် ဆွေးနွေးပွဲများတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၇ ရက်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ပညာရေးကော်မရှင် (The Education Commission) က ကျင်းပသော ပညာရေးလုပ်ငန်း ကြီးပမ်းမှုအစီအစဉ် အဆင့်မြင့် ဦးဆောင်အဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးသို့တက်ရောက်ကာ ပညာရေးလုပ်ငန်းအဖွဲ့ အစီရင်ခံစာကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်းနှင့် သုတေသနအစီအစဉ်များအပေါ် နည်းဗျူဟာဆိုင်ရာ လမ်းညွှန်မှုရေးဆွဲခြင်းများကို ပါဝင်ဆွေးနွေးကာ ပညာရေးမြှင့်တင်မှုလုပ်ငန်းများအတွက် ဦးစားပေးနယ်ပယ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။




ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၈ ရက်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ ကမ္ဘာ့ဘဏ်အဖွဲ့ရုံးချုပ်တွင် ကမ္ဘာ့ဘဏ်အဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံ ပညာရေးပြုပြင်ပြောင်းလဲမှုများ (Myanmar Education Reforms)ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ပညာရေးပြုပြင်ပြောင်းလဲမှု၏ဦးစားပေးနယ်ပယ်များ သတ်မှတ်ဆောင်ရွက်နေမှု၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ပညာရေးစနစ်သစ်ဖြင့် သင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲသင်ကြားနေမှု၊ နိုင်ငံတော်က ပညာရေးအသုံးစရိတ်များကို တိုးမြှင့်ခွင့်ပြုပေးနေမှုနှင့် သင်ကြားသင်ယူမှုအရည်အသွေးမြှင့်တင်ပေးနေမှု အခြေအနေများကို ဟောပြောဆွေးနွေးခဲ့သည်။

ယင်းသို့ဆွေးနွေးရာတွင် အခြေခံပညာကဏ္ဍ၌ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ ကျောင်းနေမြဲရေး၊ ကျောင်းမထွက်ရေး၊ မည်သည့်ခွဲခြားမှုမျှမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားဘဲ ကျောင်းနေနှုန်းမြှင့်မားရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေး မြှင့်မားရေးတို့အတွက် ဦးစားပေးဆောင်ရွက်နေမှု အခြေအနေ၊ တိုင်းရင်းသား ကလေးငယ်များအတွက် သင်ကြားရေးအထောက်အကူပြု ဆရာများခန့်ထားပေးမှု အခြေအနေ၊ ဆရာအသစ်များ တိုးချဲ့ခန့်ထားပေးမှု၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးမှုနှင့် သင်ထောက်ကူပစ္စည်းများ တိုးချဲ့ပံ့ပိုးပေးမှုကြောင့် ကျောင်းနေနှုန်း မြှင့်မားလာသည့် အခြေအနေ၊ Grade-3 ပြီးသော ကျောင်းသား ကျောင်းသူအားလုံး စာဖတ်၊ စာရေး၊ အခြေခံသင်္ချာတွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ သက်ကြီးစာတတ်မြောက်ရေး ကြိုးပမ်းအကောင်အထည်ဖော်မှု၊ ရခိုင်ပြည်နယ်ရှိ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ အတူစာသင်ယူနိုင်ရေးအတွက် ဆရာ လိုအပ်ချက်များ ဖြည့်ဆည်းထားမှု၊ တက္ကသိုလ်ဝင်စာမေးပွဲကို အတူယှဉ်တွဲဖြေဆိုခဲ့မှု၊ ဘူးသီးတောင်၊ မောင်တောတွင် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမှုနှင့် တက္ကသိုလ်ပညာ သင်ယူနိုင်ရေးနှင့် အဝေးသင်တက္ကသိုလ်ပညာရေးအစီအစဉ်ဖြင့် သင်ယူလိုသူများအတွက် ပံ့ပိုးပေးမှု အခြေအနေများကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းလင်းပြောကြားခဲ့သည်။ နည်းပညာနှင့်သက်မွေးပညာရေးကဏ္ဍတွင် မြန်မာနိုင်ငံ၏ ဒေသ လိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးပညာ ကာလတိုသင်တန်းများ ဖွင့်လှစ်နေမှု အခြေအနေများ၊ အဆင့်မြင့် ပညာကဏ္ဍအားကောင်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ တက္ကသိုလ်များတွင် ကိုယ်ပိုင်စီမံခန့်ခွဲမှု၊ အသုံးချသုတေသနနှင့် နက်နက်နဲနဲ သင်ယူမှုအားကောင်းလာစေရေးအတွက် အားပေးဆောင်ရွက်နေမှု၊ တက္ကသိုလ် ၁၂ ခုတွင် ပထမဦးဆုံးအကြိမ် ကိုယ်ပိုင်စီမံခန့်ခွဲမှုဖြင့် တက္ကသိုလ်ဝင်ခွင့် လက်ခံပေးနေမှု၊ တက္ကသိုလ်များတွင် လိုအပ်ချက်များ ပိုမိုဖြည့်ဆည်းပေးမှုကြောင့် ဆရာဦးရေ၊ ကျောင်းသားဦးရေ တိုးတက်လာမှု၊ နှစ်နှစ်သင် ပညာရေးကောလိပ်များကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် ပါမောက္ခချုပ်များ ကော်မတီ ဖွဲ့စည်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ကိန်းဂဏန်းများ၊ ဓာတ်ပုံအထောက်အထားများဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်ရေးနှင့် အကူအညီများပိုမိုရရှိရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**စက်တင်ဘာ ၂၁ ရက်က အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း မန္တလေးလမ်းမပေါ်တွင် မူခင်းပညာပေး ပြခန်းယာဉ်ဖြင့် ပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောခဲ့ရာ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ ရဲကင်းမှူး ရဲအုပ် ရန်အောင် ဦးစီးတပ်ဖွဲ့ဝင်များ၊ အောင်မင်္ဂလာနယ်မြေ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဝင်းနှင့် အဖွဲ့ဝင်များက လိုက်လံရှင်းလင်းပြသစဉ်။**
ဟန်စိုး

# ၂၀၁၉ ခုနှစ်တွင် ကားအဟောင်းအရောင်းစင်တာအားလုံး ပိတ်သိမ်းနိုင်ဖွယ်ရှိ

**ရန်ကုန် စက်တင်ဘာ ၃၀**

ပြည်တွင်းကားဈေးကွက်အတွင်း ကားအဟောင်း တင်သွင်းရောင်းချနေသည့် အရောင်းစင်တာအားလုံး လာမယ့် ၂၀၁၉ ခုနှစ်တွင် ပိတ်သိမ်းနိုင်ဖွယ်ရှိနေကြောင်း မြန်မာနိုင်ငံ ကားတင်သွင်းရောင်းချဖြန့်ဖြူးသူများ အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းထံမှ သိရသည်။

"အရောင်းစင်တာဆိုတာ ကားအဟောင်း တင်သွင်းရောင်းချတာကို ပြောတာ။ အကြမ်းဖျင်း ကျွန်တော်တို့က နှစ်ရာလောက်ရှိတာ။ အခုလောလောဆယ် သုံးပုံတစ်ပုံလောက်ပိတ်သွားပြီ။ နောက်ထပ်သုံးပုံတစ်ပုံက ဒီနှစ်ထဲမှာ ထပ်ပိတ်မှာ။ ကျန်တယ်ဆိုတာကလည်း ဘာမှမဟုတ်ဘူး။ အငှားသက်တမ်း ၃၊ ၄၊ ၅ နှစ် စာချုပ်ချုပ်ထားတာကျန်နေလို့ နောက်တစ်နှစ်မှာ ကားရောင်းတဲ့ အရောင်းစင်တာအားလုံး ပိတ်ဖို့ကျွန်တော်မြင်နေတယ်"ဟု ဒေါက်တာစိုးထွန်းက ပြောသည်။

ကားတင်သွင်းခွင့် မူဝါဒအသစ်အရ ဂျပန်ညာမောင်း ကားအဟောင်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး တင်သွင်းခွင့်မပြုတော့ကြောင်း သိရသည်။

ကားတင်သွင်းခွင့် မူဝါဒအပြောင်းအလဲကြောင့် ညာမောင်းကားအဟောင်းများ တင်သွင်းခွင့်မရနိုင်သည့်အတွက် ကားအဟောင်းဈေးအတက်ဘက်သို့ ဦးတည်ကြောင်း၊ လက်ရှိအချိန်တွင် အစီးလိုက်တင်သွင်းသည့် ကားသစ်ဈေးကွက်အနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်နေပြီး မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းနေခြင်းကြောင့် ကားဈေးတက်နေကြောင်း သိရသည်။

ကားဈေးကွက်အနေဖြင့် လာမည့် ၂၀၁၉ ခုနှစ်တွင် ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်မည့် ကားများ ဈေးကွက်အတွင်းနေရာရနိုင်ဖွယ်ရှိနေပြီး ပြည်တွင်းတွင် ကားတပ်ဆင်ထုတ်လုပ်ရန်အတွက် ကုမ္ပဏီ ၁၈ ခုကို ခွင့်ပြုထားကြောင်း သိရသည်။

**SMW**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် ရုပ်ရှင်ဇာတ်ကားခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအခမ်းအနား တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် စက်တင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀)ရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

**ထိရောက်စွာအသုံးပြု**

ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးလည်း တစ်ခုပါဝင်ကြောင်း၊ ရုပ်ရှင်နှင့်ပတ်သက်လျှင် ရုပ်ရှင်လောကသားများက အဓိက ဆောင်ရွက်ကြပြီး မိမိတို့အနေဖြင့် ဆောင်ရွက်နိုင်သည့် အစိတ်အပိုင်းများတွင် တတ်စွမ်းသမျှ ပါဝင်ကူညီဖြည့်ဆည်းပေးနေခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းကဏ္ဍမျိုးစုံအနက် ရုပ်ရှင်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

ရုပ်ရှင်နှင့်ပတ်သက်လျှင် အခြေခံအဆောက်အအုံ၊ အနုပညာနှင့် အတတ်ပညာလုပ်ငန်းများနှင့် စီးပွားရေးကဏ္ဍ စသည်ဖြင့် ပါဝင်နေပြီး ယင်းကဏ္ဍများအားလုံးဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ လေ့လာသင်ယူခြင်း၊ လေ့ကျင့်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများဖြင့် တည်ဆောက်ရမည်ဟု မြင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးရည်ရွယ်ပြီး ရုပ်ရှင်အနုပညာရပ်ဝန်းကို တတ်စွမ်းသမျှ စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်ရာ ရုပ်ရှင်လောကသားများအနေဖြင့် ထိရောက်စွာအသုံးပြုစေလိုပါကြောင်း။

**တတ်စွမ်းသမျှဆောင်ရွက်ပေးမည်**

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနုပညာရှင်၊ အတတ်ပညာရှင်များ အချင်းချင်း စိတ်ကူးစိတ်သန်းများ နှီးနှောဖလှယ်ရာ၊ အသိပညာမျှဝေရာ နေရာတစ်ခုအဖြစ် အသုံးပြုကြစေလိုပါကြောင်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များလည်း ပေးစေလိုပြီး အကြံပြုချက်များအပေါ် စိတ်အားထက်သန်စွာ တတ်စွမ်းသမျှဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ကျင်းပခဲ့ပြီးဖြစ်သည့်



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် အသေးစားရုပ်ရှင်ပြခန်း ဖွင့်လှစ်နိုင်ရေးအတွက် စုဆောင်းထားရှိသော ရုပ်ရှင်နှင့်ပတ်သက်သည့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

မြန်မာရုပ်ရှင် ရာဇဝင်ဇာတ်ကားများ ရိုက်ကူးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်သည့် မြန်မာသမိုင်းဖြစ်စဉ်ဖြစ်ရပ်များမှ ထူးခြားသည့်ပုဂ္ဂိုလ်များနှင့် စရိုက်လက္ခဏာများဆိုင်ရာ စာတမ်းဖတ်ပွဲကို မကြာမီ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်လိုသူများအတွက် အထောက်အကူပြုနိုင်မည်ဟု မြင်ပါကြောင်း၊ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရုပ်ရှင်သင်တန်းကျောင်းနှင့် စတူဒီယိုများ ပေါ်ပေါက်လာရေးအတွက်လည်း ရည်မှန်းချက်ထားရှိပြီး စီစဉ်ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်ရှင်ပညာရှင် ဒေါက်တာအောင်မင်းက Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်ဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာ ဝေဖန်ဆန်းစစ်ခြင်း (Film Analysis) နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ Art House Film အမျိုးအစားဖြစ်ပြီး ၁၉၉၉ ခုနှစ် Cannes Film Festival ရုပ်ရှင်ပွဲတော်တွင် Best Actress Winner ဆု နှင့် Plamed' or Winner ဆု ရရှိခဲ့သော ဒါရိုက်တာ Jean-Pierre and Luc Dardenne တို့ ရိုက်ကူးခဲ့သည့် "Rosetta" ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုကြသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် ရုပ်ရှင်ကြည့်ပရိသတ်များနှင့် ပညာရှင်များက "Rosetta" ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်းကို သုံးသပ်ဆွေးနွေးကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်ချစ်ပရိသတ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဝေဖန်သုံးသပ်**

အလားတူ Film Analysis ဆောင်ရွက်မှုကို စက်တင်ဘာ ၁၆ ရက်က ရုပ်ရှင်ပြခန်းမတွင် ရုပ်ရှင်ပညာရှင် ဒေါက်တာအောင်မင်းက ဦးဆောင်၍ ဒါရိုက်တာ Edward Yang ၏ Yi Yi ဇာတ်ကားကို ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်းနှင့် ဝေဖန်သုံးသပ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ဖလင်ပိုင္မှုကတ်တိုက်သို့ သွားရောက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲနှင့် Save Myanmar Film (SMF) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်ရှင်ဖလင်များ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှု အခြေအနေ၊ ရုပ်ရှင်ပြတိုက်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်နေမှုနှင့် ပစ္စည်းများစုဆောင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရုပ်ရှင်ပိုင္မှုကတ်တိုက်**

မြန်မာ့ရုပ်ရှင်လောက၏ သမိုင်းအမွေအနှစ်များဖြစ်သော နှစ်အလိုက်ထုတ်လုပ်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားများနှင့်သတင်းမှတ်တမ်းများကို ပုံမှန်စုဆောင်းနေမှုမှ ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းတစ်ခုအဖြစ် ရုပ်ရှင်ပိုင္မှုကတ်တိုက်ကို ၁၉၈၁ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် SMF နှင့် ပူးပေါင်းကာ လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖလင်ပိုင္မှုကတ်တိုက်တွင် ထိန်းသိမ်းထားသည့် အဖြူအမည်း မြန်မာ့ရုပ်ရှင်ဇာတ်ကား ၁၂ ကားအနက် ၁၁ ကား၊ ရောင်စုံရုပ်ရှင်ဇာတ်ကား ၁၅၅ ကားအနက် ကား ၅၀၊ သတင်းမှတ်တမ်း ၂၉၈၄ ပိုင်းအနက် အပိုင်း ၁၀၀ တို့ကိုစစ်ဆေး၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များဖြစ်သော စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများအပြင် ရှေးဟောင်းရုပ်ရှင် ဖလင်များ၊ ကြော်ငြာနှင့် ပိုစတာများ စုဆောင်းထိန်းသိမ်းခြင်း၊ မှတ်တမ်းနှင့် သုတေသနပြုလုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ရည်ရွယ်ပြီး ထာဝစဉ်မမေ့ မွန်မှုဓလေ့ ဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

မွန်ရိုးရာယဉ်ကျေးမှု အမွေအနှစ် ဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန်ရည်ရွယ်ပြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)မှ ကြီးမှူး၍ ထာဝစဉ်မမေ့ မွန်မှုဓလေ့ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲမှစတင်ကာ ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ မွန်ရိုးရာအိမ်တွင် မွန်ဓလေ့ရိုးရာ ထိမ်းမြားလက်ထပ်မင်္ဂလာကို သရုပ်ပြကျင်းပပြီး ပြည်ထောင်စုခန်းမတွင် မွန်တေးဂီတအဖွဲ့၊ မွန်စာပေနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တို့မှ အနုပညာရှင်များက ရိုးရာတေးသီချင်းများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ ထာဝစဉ်မမေ့ မွန်မှုဓလေ့ဖျော်ဖြေပွဲဖွင့်ပွဲအခမ်းအနားကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က မွန်တိုင်းရင်းသားများအနေဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု ဓလေ့ထုံးစံများ မပျောက်ပျက်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မွန်မျိုးဆက်သစ်လူငယ်များကို စည်းရုံးပြီး ယဉ်ကျေးမှုဓလေ့ပွဲတော်များ ကျင်းပသွားရန် လိုအပ်ပါကြောင်း၊ မွန်မျိုးဆက်သစ်လူငယ်များ မွန်စာပေနှင့် မွန်ဘာသာစကားတတ်ကျွမ်းစွာ ပြောဆိုနိုင်ရန် အားလုံးတာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးပေးစေလိုပါကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းရင်းသားစာပေ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများသည် တန်ဖိုးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားအားလုံး စုစည်းနေထိုင်ကြကြောင်း၊ မတူညီသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများရှိပါကြောင်း၊ တူညီမှုများလည်းရှိပါကြောင်း၊ ယဉ်ကျေးမှုမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာဖြင့် ယဉ်ကျေးမှုအားလုံး ရှင်သန်ခွင့်ရမည်ဖြစ်ပါကြောင်း၊ ဘာသာစကားတစ်ခုပျောက်ဆုံးသွားပါက တိုင်းပြည်၏ တန်ဖိုးရှိသည့်ရတနာဆုံးရှုံးသွားခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တချို့တိုင်းရင်းသားစာပေယဉ်ကျေးမှုများသည် တဖြည်းဖြည်းလူနည်းစုပြောစကားအဖြစ်သာ တွေ့လာရပါကြောင်း၊ ထိုကဲ့သို့ဖြစ်မသွားရန် စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမှ ယဉ်ကျေးမှုဘာသာစကားများကို စနစ်တကျ ပြုစုပြင်ဆင်ထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)ဥက္ကဋ္ဌ နိုင်စိုးအောင်က အမှာစကားပြောကြားပြီး မွန်ယဉ်ကျေးမှုအမွေအနှစ်အဖွဲ့၊ မွန်လူငယ်(ရန်ကုန်)တို့က ရိုးရာတေးသီချင်း၊ ရိုးရာအကအလှများ၊ ရန်ကုန်



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ ထာဝစဉ်မမေ့ မွန်မှုဓလေ့ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

အခြေပြု မွန်လူမှုအဖွဲ့က ရိုးရာမိတ်ဆက်ခြင်း၊ မွန်ဇာတ်အဖွဲ့က အငြိမ့်တင်ဆက်မှုများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယနေ့အခမ်းအနားတွင် မွန်လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုပြကွက်များကိုပြသထားပြီး မွန်လူမျိုးတို့၏ သမိုင်းအမွေအနှစ်ဆိုင်ရာစာအုပ်စာပေများ၊ မွန်ရိုးရာဝတ်စုံများနှင့် မွန်ရိုးရာအစားအစာများကို ခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ရဲထွဋ်**

# ဝန်ဆောင်မှုပို့ကုန်များဖြင့် မြန်မာ့စီးပွားကြိုးစားမြှင့်တင်ကြစို့

**Dr. မောင်အောင်**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို ယေဘုယျအားဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ ဟူ၍ ခွဲခြားထားပြီး နိုင်ငံစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို ကြည့်လျှင် GDP တွင် လယ်ယာကဏ္ဍပါဝင်မှု အချိုးအစား အများဆုံးဖြစ်လျှင် ဆင်းရဲသည့်နိုင်ငံဖြစ်ပြီး ဝန်ဆောင်မှုကဏ္ဍ အရေးအပါဆုံးဖြစ်လျှင် ချမ်းသာသည့်နိုင်ငံဟူ၍ သတ်မှတ်ပါသည်။ ယနေ့အဖွံ့ဖြိုးဆုံးနိုင်ငံများတွင် ဝန်ဆောင်မှုကဏ္ဍမှ GDP ကို အများဆုံးဖြည့်စွမ်းနေပြီး ဒုတိယစက်မှုကဏ္ဍနှင့် လယ်ယာကဏ္ဍမှ အနည်းဆုံး ဖြစ်လေ့ရှိသည်။

ဝန်ဆောင်မှုပို့ကုန်ဆိုသည်မှာ ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေ ရှာပေးသည့်လုပ်ငန်းအားလုံး အကျုံးဝင်ပြီး နိုင်ငံခြားသားခရီးသွားလုပ်ငန်းများ၊ နိုင်ငံခြားသားများအား ငှားရမ်းသည့် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူထောက်ပို့လုပ်ငန်းများ၊ နိုင်ငံခြားသားများအတွက် ဆောင်ရွက်မှုပေးသည့် ဘဏ်၊ အာမခံ၊ နည်းပညာ၊ ပညာရေး၊ ကျန်းမာရေး စသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံတကာ အေဂျင်စီနှင့် အဖွဲ့အစည်းများတွင် အလုပ်လုပ်သူများ၊ သင်္ဘောသားများ၊ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်သူများ စသည်တို့သည် ဝန်ဆောင်မှုပို့ကုန် ဆောင်ရွက်နေသူများဖြစ်သည်။ နိုင်ငံအတွက် ဝန်ဆောင်မှုပို့ကုန်လုပ်ငန်းအမျိုးမျိုးရှိသည့်အနက် လူမှုစီးပွားအကျိုးသက်ရောက်မှုအများဆုံးရှိသည့် ခရီးသွားလုပ်ငန်းကို အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲကာ သဘာဝအခြေခံ ခရီးသွားနယ်မြေများသာမက အဆင့်မြှင့်ခရီးသွားနယ်မြေသစ်များ ဖော်ထုတ်ကာ လုပ်ဆောင်နေပြီဖြစ်သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ကုန်းမြေတစ်ဆက်တည်း အကျယ်ဝန်းဆုံးဖြစ်ပြီး မတူညီသည့် မြေမျက်နှာပြင်များ၊ တောင်တန်းကြီးများ၊ ရှည်လျားသည့် ကမ်းရိုးတန်းတစ်လျှောက် မပျက်စီးသေးသည့် ပင်လယ်ကမ်းခြေများ၊ မြစ်ကြီးများနှင့် တောင်ပေါ်ကုန်းမြင့်ရှိရေအိုင်များ၊ မတူကွဲပြားသည့် ဒေသလိုက် တိုင်းရင်းသားများနှင့် ဓလေ့ထုံးစံများ၊ ရှေးဟောင်းအမွေအနှစ်များ စသည်တို့ကြောင့်လည်း ကမ္ဘာ့စိတ်ဝင်စားဖွယ်ကောင်းသည့် နိုင်ငံ ၁၀ နိုင်ငံထဲတွင်ပါဝင်နေပြီး ခရီးသွားလုပ်ငန်းတိုးတက်ရန် အလားအလာကောင်းသည့် နိုင်ငံလည်းဖြစ်သည်။

ယခုအခါ နိုင်ငံခြားသားခရီးသွားပိုမိုဝင်ရောက်လာသည့်အတွက် ဗီဇာကင်းလွတ်ခွင့်များ၊ show money ပြသသည့်ကိစ္စများ၊ ပြည်အဝင်၊အထွက်ပုံစံဖြည့်မှုများ စသည်တို့ ဖြေလျှော့မှုများ ပြုလုပ်လာမှုတို့အပြင် ခရီးသွားလုပ်ငန်းဥပဒေကိုပါ ပြဋ္ဌာန်းတော့မည်ဖြစ်၍ ယခုနှစ်ဘဏ္ဍာနှစ် ၂၀၁၈ -၂၀၁၉ (၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်) အတွင်း ပိုမိုဝင်ရောက်မည်ဖြစ်သည်။ ထို့ပြင် လေကြောင်းများသာမက ရေကြောင်းမှပိုမိုဝင်ရောက်စေခြင်း၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ နယ်စပ် ဝင်ပေါက်ဂိတ်များမှလည်း ယခင်ကာလများထက် ပိုမိုဝင်ရောက်လာမှုလည်း တွေ့နေရပြီဖြစ်သည်။ အာဆီယံဒေသများအတွင်း လွတ်လပ်စွာသွားလာမှုကို စတင်နေပြီဖြစ်သည့်အပြင် မြန်မာနှင့် ဆပ်စပ်နေသည့် ဒေသအတွင်းလမ်းများ ပေါ်ပေါက်လာပြီဖြစ်၍ နိုင်ငံခြားသားများ ပိုမိုဝင်ရောက်လာမည်ဖြစ်သည်။

**စိန်ခေါ်မှုများ**

နိုင်ငံခြားခရီးသည်များ ဝင်ရောက်လည်ပတ်မှု မျှော်လင့်သလောက်မလာခြင်းမှာ မတည်ငြိမ်မှုများကြောင့် အဓိကဖြစ်ပြီး ရခိုင်အရေးသည် နိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေသည့်အပြင် မမှန်သတင်းများကြောင့်လည်း လာမည့်ဧည့်သည်များကို ဟန့်တားသလို ဖြစ်နေခဲ့သည်။ “အိမ်သာမှ ဧည့်လာ” ဆိုသောစကားနှင့်အညီ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဘေးကင်းလုံခြုံစိတ်ချစွာ လည်ပတ်နိုင်ရေး၊ ပွင့်လင်းမြင်သာစွာရှိရသည့် ခရီးစဉ်လမ်းကြောင်းများနှင့် တည်းခိုခများ၊ မျှတသည့် ဈေးနှုန်းများဖော်ဆောင်ရေးတို့ ဆောင်ရွက်ပေးရန် လိုသလို နိုင်ငံသားတိုင်းက ယဉ်ကျေးပျူငှာစွာ ပြုမူဆက်ဆံပြီး ခရီးသွားများကို နွေးနွေးထွေးထွေး ပြောဆိုဆက်ဆံကြရမည်ဖြစ်သည်။ ထို့အတူ ဘေးကင်းလုံခြုံရေး၊ အစစအရာရာ အဆင်ပြေချောမွေ့စေရေးအတွက် အားလုံး ဝိုင်းဝန်းဆောင်ရွက်ရန်လိုပေသည်။ ဆိုလိုသည်မှာ နိုင်ငံခြားသားများ ပိုမိုဝင်ရောက်လာရေးအတွက် ခရီးသွားလုပ်ငန်း ပတ်ဝန်းကျင်ကောင်းများ ဖော်ဆောင်ရေးပင်ဖြစ်သည်။

**ဝန်ဆောင်မှုအသစ်များဖော်ထုတ်ရေး**

မြန်မာနိုင်ငံသို့လာရောက်ကြမည့် နိုင်ငံခြားသားများ ငွေပိုမိုသုံးစွဲနိုင်ရေးအတွက် ဆွဲဆောင်မှုရှိသည့် ပတ်ဝန်းကျင်အသစ်များဖော်ထုတ်ခြင်းဖြင့်လည်း ခရီးသွားလုပ်ငန်းများမှ ဝင်ငွေတက်လာနိုင်သည်။ လက်ရှိအနေအထားတွင်မူ နိုင်ငံခြားသားများအတွက် အများစုမှာ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ ကျိုက်ထီးရိုးစသည်တို့ကိုသာ သွားရောက်လည်ပတ်ပြီး ပြန်လေ့ရှိသည့်အတွက် သုံးစွဲသည့်ငွေပမာဏမှာ အခြားနိုင်ငံများတွင် သုံးသည့်ပမာဏထက် များစွာလျော့နည်းပါသည်။ အမှန်တကယ်မူ နိုင်ငံခြားသားများ ငွေသုံးနိုင်သော ပတ်ဝန်းကျင်နေရာများ၊ ငွေဖြုန်းနိုင်သော ပတ်ဝန်းကျင်နေရာများမရှိသေးသည့်အတွက် ဧည့်သည်များကို မဆွဲဆောင်နိုင်သလို လာလည်သည့်သူများလည်း ငွေကြေးများများ သုံးစွဲခြင်းမပြုလုပ်ကြပေ။ အာရှတွင် နိုင်ငံခြားသားများ အများဆုံးလာရောက်သည့်နိုင်ငံမှာ တရုတ်နိုင်ငံပြီးလျှင် ထိုင်းနိုင်ငံဖြစ်၍ နှစ်စဉ်လာရောက်လည်ပတ်မှု သန်း ၃၀ အထက်ရှိပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေများစွာ ရရှိသည့်အပြင် ဆက်စပ်နေသော လုပ်ငန်းများဖြစ်သည့် ဟိုတယ်နှင့် Logistics လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ အပန်းဖြေလုပ်ငန်းများ၊ ဘဏ်နှင့် အာမခံလုပ်ငန်းများ ညပိုင်း night club များ စသည်တို့ပါ တိုးတက်လာသည့်အတွက် တိုင်းပြည်ဝင်ငွေတွင်လည်း အရေးပါသည့် ဝင်ငွေဇာစ်မြစ်တစ်ခုဖြစ်သည်။ ဗန်ကောက်၏ လမ်းများတွင် နေရာတိုင်းလိုလို နိုင်ငံခြားသား များအတွက် မှန်ကန်သည့် ထိုင်းရိုးရာအနှိပ်ခန်းများ တွေ့ရှိနိုင်သလို ဈေးနှုန်းများကိုလည်း မြင်သာထင်သာရှိစေပြီး ဖော်ရွေပျူငှာသည့် ဆက်ဆံရေးကြောင့်လည်း နိုင်ငံခြားသားများအတွက် ဆွဲဆောင်မှုပေးသည့် လုပ်ငန်းပင်ဖြစ်သည်။

**နိုင်ငံခြားသားများ ငွေကြေးသုံးနိုင်သည့်နေရာသစ်များ**

နိုင်ငံခြားသားများအတွက် အရေးပါသည့် ဝန်ဆောင်မှုတစ်ခုမှာ ၎င်းတို့အတွက် ဘေးကင်းလုံခြုံ စိတ်ချရသည့် အစားအသောက်များ လွယ်လွယ်ကူကူရရှိနိုင်ရေးပင်ဖြစ်သည်။ ဆိုလိုသည်မှာ ရန်ကုန်၊ မန္တလေးစသည့်မြို့ကြီးများတွင် ရောင်းချသည့်ဆိုင်များမှအစ လမ်းဘေးဈေးသည်များအထိ ရောင်းချသည့် အစားအစာများသည် ဘေးကင်းလုံခြုံစိတ်ချရမှုပေးနိုင်ရန် အထူးအရေးကြီးပါသည်။ အစားအသောက်များကို သန့်ရှင်းလတ်ဆတ်မှုရှိခြင်း၊ဟင်းချိုမှုန့်စားအုန်းဆီ၊ ဆိုးဆေးမသုံးစွဲခြင်း၊ ယင်လုံစေရန် စီမံထားခြင်း၊ အစားအစာများကို လက်ဖြင့် တိုက်ရိုက်မကိုင်တွယ်ခြင်း စသည်တို့ပြင်ဆင်ရမည်ဖြစ်သည်။ အထက်ပါအချက်များ ပြည့်စုံသည့်အတွက် ဗန်ကောက်မြို့လမ်းဘေးစားသောက်ဆိုင်များတွင်ပင် နိုင်ငံခြားသားများ ဝင်ရောက်စားသုံးမှုများ နေရာတိုင်းတွင် တွေ့ရသည်။ ဆိုလိုသည်မှာ လမ်းဘေးဈေးသည်မှစ၍ စားသောက်ဆိုင်များအနေဖြင့် နိုင်ငံခြားသားများ ယုံကြည်စိတ်ချစွာစားနိုင်ရေးအတွက် အထူးကြိုးစားပြင်ဆင်ရမည် ဖြစ်သည်။

> **“ နိုင်ငံတော်အစိုးရမှ ရွှေ့ပြောင်းလုပ်သားများ တရားဝင်လုပ်ကိုင်ခွင့်ရရှိစေရန် ဆောင်ရွက်မှုများရှိသလို အခက်အခဲပြဿနာကြုံနေသည့် လုပ်သားများစွာအတွက်လည်း သံရုံးများမှတစ်ဆင့် ချက်ချင်းဖြေရှင်းမှုများသည် ကောင်းသည့် လုပ်ဆောင်ချက်များဖြစ်ပြီး အစိုးရနှင့်ပြည်သူ အပြန်အလှန်ယုံကြည်မှုကို ပို၍တိုးပွားစေပါသည် ”**

ထို့အတူ နိုင်ငံခြားသားများ အများဆုံးသွားရောက်လည်ပတ်သည့် ဒေသအသီးသီးတို့၏ မတူညီကွဲပြားသည့် တိုင်းရင်းသားလူမျိုးနေထိုင်မှုပုံစံ၊ ဓလေ့စရိုက်၊ ရိုးရာထုတ်ကုန်များအပြင် ၎င်းတို့၏အစားအသောက်များကိုလည်း နိုင်ငံခြားသားများ စားချင်အောင်ပြင်ဆင်ခြင်းသည်လည်း ဆွဲဆောင်မှုတစ်မျိုးပင် ဖြစ်သည်။ ယခုအခါ အထက်ပါအစီအစဉ်များ စတင်နေပြီဖြစ်သော်လည်း ဒေသတိုင်း အထက်ပါဝန်ဆောင်မှုများ ပေးနိုင်ရန် စီမံသင့်ပေသည်။ ထို့အတူ hand made ဒေသထုတ်ကုန်များ ခင်းကျင်းပြသရောင်းချခြင်း၊ သဘာဝအခြေခံစခန်းသစ်များဖော်ထုတ်ခြင်း (ဥပမာအားဖြင့် ဆင်စခန်းသစ်များ ဖော်ထုတ်လာခြင်း)၊ ရေကြောင်းကိုအခြေပြု ခရီးသွားလုပ်ငန်းသစ်များဖော်ထုတ်ခြင်း၊ ဧရာဝတီမြစ်အခြေပြု သင်္ဘောစီးလုပ်ငန်း စလာပြီဖြစ်သော်လည်း တိုးချဲ့ရန်လိုသေးခြင်း၊ ရေကြောင်းဖြင့်ရန်ကုန်မြို့ပတ် (လှိုင်မြစ်နှင့် ငမိုးရိပ်ချောင်းတစ်လျှောက်) ကြည့်ရှုလည်ပတ်နိုင်ရန် ဆောင်ရွက်ခြင်း၊ လက်ရှိ ပင်လယ်ကမ်းခြေများ ပိုမိုဖွံ့ဖြိုးစေရန်ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများ စတင်လုပ်ကိုင်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

**ငွေဖြုန်းနိုင်သည့်နေရာသစ်များဖော်ထုတ်ခြင်း**

နိုင်ငံခြားသားများအတွက် ငွေဖြုန်းနိုင်သည့် ပတ်ဝန်းကျင်အသစ်များကိုလည်း ဖော်ထုတ်ရမည် ဖြစ်သည်။ ယခုအခါ နိုင်ငံခြားသားများသာ လောင်းကစားလုပ်ငန်းလုပ်ကိုင်ရန် ကာစီနိုဥပဒေကို လွှတ်တော်မှ အတည်ပြုပေးခြင်းသည် နိုင်ငံခြားငွေရရှိရေးအတွက် နည်းလမ်းသစ်ပင်ဖြစ်သည်။ ထို့အတူ ဖျော်ဖြေရေးလုပ်ငန်းများဖြစ်သည့် night club များ တရားဝင်မှတ်ပုံတင်ပြီး ဖွင့်လှစ်စေခြင်းမျိုးလည်း စဉ်းစားသင့်ပါသည်။ UAE နိုင်ငံ ဒူဘိုင်းတွင် နိုင်ငံခြားသားများအတွက် ရည်ရွယ်ပြီး သဲကန္တာရထဲတွင် တောင်ကုန်းငယ်များနှင့် ချိုင့်များဖန်တီးပြီး ဆာဖာရီ (Safari) အမည် ကားများဖြင့် စိတ်လှုပ်ရှားဖွယ်အတက်၊ အဆင်းများဖြင့် ခရီးစဉ်တစ်ခု ပြုလုပ်ထားကာ ၎င်းတို့၏အစားအစာများဖြင့် ဧည့်ခံသည့်ခရီးစဉ်တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၁၀၀ ဝန်းကျင်ကျသင့်ပြီး နေ့စဉ် ညနေပိုင်း နိုင်ငံခြားသားများစွာကို ဝန်ဆောင်မှုပေးခြင်းဖြင့် နိုင်ငံခြားငွေများရရှိပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သူများအတွက် ငွေဖြုန်းနိုင်သည့် ပတ်ဝန်းကျင်နေရာအသစ်များ ဖန်တီးပေးရန် အထူးလိုအပ်ပါသည်။

**မြုပ်ကွယ်နေသည့် ဝန်ဆောင်မှုပို့ကုန်များဖော်ထုတ်ရေး**

နိုင်ငံခြားငွေ ရရှိနေသည့် ဝန်ဆောင်မှုပို့ကုန်ဇာစ်မြစ်များမှ ပြည့်ပြည့်ဝဝရရှိစေရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် real estate များ၊ ကွန်ဒိုများ စသည်တို့ကို နိုင်ငံခြားသားများငှားရမ်းခြင်းမှ အစိုးရသို့ ပေးသွင်းရမည့် အခွန်အခငွေပင်ဖြစ်သည်။ ထို့အတူ ပြည်တွင်းရှိ နိုင်ငံခြားအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အေဂျင်စီများ၊ INGOs စသည်တို့တွင် အလုပ်လုပ်နေကြသည့် (သို့မဟုတ်) ဝန်ဆောင်မှု ပို့ကုန်ဆောင်ရွက်နေသည့် မြန်မာနိုင်ငံသားများမှ ပေးသွင်းရမည့် အခွန်အကောက် အပြည့်အဝရရှိရေးပင်ဖြစ်သည်။ ထို့အတူ နိုင်ငံတကာတွင် သွားရောက်အလုပ်လုပ်ကြသည့် မြန်မာနိုင်ငံသားတို့၏ ဝင်ငွေများလည်း တိုင်းပြည်ဝင်ငွေတွင်အကျုံးဝင်သလို အခွန်အခများ မှန်မှန်ကန်ကန်ရရှိရန်လည်းလိုပေသည်။

အရေးကြီးသည်မှာ နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ကြသည့် မြန်မာလုပ်သားများ၏ ပြန်လည်လွှဲပြောင်းပေးငွေများ၊ တရားဝင်လမ်းကြောင်းများကို မသုံးသည့်အတွက် နိုင်ငံတော်မှ မရရှိခြင်းပင်ဖြစ်သည်။ အမှန်တကယ်မူ ယနေ့ခေတ်တွင် ကမ္ဘာ့အရပ်ရပ်သို့ သွားရောက်အလုပ်လုပ်ကိုင်ပြီး မိခင်တိုင်းပြည်သို့ ပြန်လည်လွှဲပြောင်းပေးပို့ငွေတွင် ကမ္ဘာ့ဘဏ်၏ဖော်ပြချက်အရ တစ်ကမ္ဘာလုံးအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ဘီလီယံ ၆၀၀ ဝန်းကျင်ခန့်ရှိခဲ့ပြီး အများဆုံးပြန်လည်တင်ပို့သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်၍ အမေရိကန်ဒေါ်လာ ၆၉ ဘီလီယံ၊ ဒုတိယအများဆုံး တရုတ်နိုင်ငံ ၆၄ ဘီလီယံဖြစ်ပြီး တတိယအများဆုံးမှာ ဖိလစ်ပိုင်ဖြစ်၍ အာရှနိုင်ငံများက လွှမ်းမိုးထားသည်။ နိုင်ငံအရွယ်အစားနှင့် လူဦးရေအရကြည့်လျှင် အအောင်မြင်ဆုံးနိုင်ငံမှာ ဖိလစ်ပိုင်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် တရားဝင်ပြန်လည်ပေးပို့ငွေ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံဖြစ်သည့်အပြင် တရားဝင်လမ်းကြောင်းဖြစ်သည့် ဘဏ်များမှတစ်ဆင့် အများဆုံးလွှဲပြောင်းပေးနေပြီး လွှဲပြောင်းစရိတ်အသက်သာဆုံးအဖြစ်လည်း သတ်မှတ်ခြင်းခံရသည်။ ပုံမှန်တက်နေသည့် လွှဲပြောင်းပေးငွေသည် ၂၀၂၃ ခုနှစ် အမေရိကန် ဒေါ်လာ ၄၂ ဘီလီယံ ရရှိမည်ဖြစ်သည်။ ဖိလစ်ပိုင်များအနေဖြင့် အမေရိက၊ ဥရောပ၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ စသည်တို့တွင် သွားရောက်အလုပ်လုပ်ကြပြီး ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျွမ်းကျင်ပညာရှင်များ၊ သူနာပြုတို့မှစပြီး အများဆုံးလုပ်နေသည့် အိမ်ဖော်လုပ်ငန်း ဖြစ်သည်။ အားသာချက်မှာ လူတိုင်းအင်္ဂလိပ်စကား ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်မှုကြောင့်လည်း နိုင်ငံခြားသားများကြိုက်သလို ရွှေ့ပြောင်းလုပ်သားဆိုင်ရာ အဖွဲ့အစည်းများလည်း ရှိသည့်အတွက် အစစအဆင်ပြေစေသည်။ ထို့အတွက် မတရားပြုမူခြင်း၊ ညှဉ်းပန်းခြင်း၊ အဓမ္မခိုင်းစေခြင်းများလည်း ရှောင်ရှားနိုင်ပေသည်။ ထို့အတွက် ဖိလစ်ပိုင်၏ တိုင်းပြည်ဝင်ငွေတွင် လွှဲပြောင်းပေးပို့ငွေသည် ရာခိုင်နှုန်းအားဖြင့် ကိုးရာခိုင်နှုန်းဝန်းကျင် ပါဝင်နေသည့်အတွက် အရေးပါသည့် ဝန်ဆောင်မှုပို့ကုန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွက်မူ ရွှေ့ပြောင်းလုပ်သားဦးရေ လေးသန်းဝန်းကျင်ခန့်ရှိနိုင်ကြောင်း (၂၀၁၅-၂၀၁၆ ခုနှစ်) ယခင်ကခန့်မှန်းခဲ့သော်လည်း လက်ငင်းနှစ်များအတွင်း ပြည်ပသို့ထွက်သည့် ရွှေ့ပြောင်းလုပ်သား ပိုမိုများပြားခဲ့ပါသည်။ အားနည်းချက်မှာ ယခင် ထိုင်းသို့ထွက်သည့် လုပ်သားများအနက် တချို့မှာ ပတ်စပို့မရှိခြင်း၊ တရားဝင်လမ်းကြောင်းများမှ မသွားခြင်း၊ ဗီဇာမရှိခြင်း စသည်တို့ကိုလည်း ယခုအခါ တရားဝင်ဖြစ်အောင် ပြုလုပ်ပေးနေပြီဖြစ်သည်။ ယခုအခါ တရားဝင်မှတ်ပုံတင်ထားသည့် အေဂျင်စီများမှတစ်ဆင့်သာ လုပ်ဆောင်ခွင့် ခွင့်ပြုထားသလို ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ထိုင်းတို့မှလည်း တရားဝင်လာရောက်လုပ်ကိုင်သူများကိုသာ ခန့်ထားလာမှုကြောင့်လည်း နိုင်ငံခြား သွားရောက်လုပ်ကိုင်သူများအတွက် ပို၍စွန့်စားမှု၊ မသေချာမှုများလျော့လာသလို ပို၍ စနစ်ကျလာပြီဖြစ်မည်။

**ပံ့ပိုးပေးပါ၊ တရားဝင်လွှဲစေရန်စည်းရုံးပါ**

ယခုအခါ နိုင်ငံတော်အစိုးရမှ ရွှေ့ပြောင်းလုပ်သားများ တရားဝင်လုပ်ကိုင်ခွင့်ရရှိစေရန် ဆောင်ရွက်မှုများရှိသလို အခက်အခဲ ပြဿနာကြုံနေသည့်လုပ်သားများစွာအတွက်လည်း သံရုံးများမှတစ်ဆင့် ချက်ချင်းဖြေရှင်းမှုများသည် ကောင်းသည့်လုပ်ဆောင်ချက်များဖြစ်ပြီး အစိုးရနှင့် ပြည်သူ အပြန်အလှန်ယုံကြည်မှုကို ပို၍တိုးပွားစေပါသည်။ ပြည်ပထွက်သည့် လူငယ်လူရွယ်အများစုမှာ နယ်များမှဖြစ်ပြီး သွားလာရေးစရိတ်၊ ဝန်ဆောင်ခစရိတ်များအတွက် ရှိသည့်ပစ္စည်းများရောင်းချခြင်း၊ ချေးငှားခြင်းဖြင့်သာ လိုအပ်သည့်ငွေကြေးရှာဖွေရသည်။ အများစုမှာ အကြွေးဖြင့်သွားသည့်သူများပါသည်။ တရားဝင်ဖွင့်လှစ်ထားသည့် ပြည်ပ

စာမျက်နှာ ၇ သို့ ❖

# ကျန်းမာခြင်းသည် လာဘ်တစ်ပါး

မြင့်စိုး(နတလ)

"အာရောဂျံ ပရမံ လာဘံ"ဆိုသည့်စကားသည် "အာရောဂျ ပရမာ လာဘာ" ဆိုသည့် မြတ်စွာဘုရားရှင်၏ဒေသနာမှ ဆင်းသက်လာကြောင်း မှတ်သားခဲ့ရသည်။

အခါတစ်ပါး၌ ပသေနဒီကောသလမင်းကြီးသည် အစားအသောက်များကို အလွန်အကျူးပွဲတော်တည်ရင်း ခန္ဓာကိုယ်ဝဖြိုးလာကာ ဘုရားရှင်၏ ရှေ့တော်မှောက်၌ပင် ငိုက်မြည်းနေလေ့ရှိ၏။ ထိုအခါ မြတ်စွာဘုရားက အာဟာရလွန်ကဲခြင်း၊ ဝဖြိုးခြင်းအပြစ်တို့ကို ဟောကြားတော်မူပြီးလျှင် ဆင်ခြင်တုံတရားဖြင့် တိုင်းတာမှီဝဲသင့်ကြောင်း သတိပေးဂါထာတစ်ပုဒ်ကို မင်းကြီး၏ တူတော် သုဒဿနမင်းသားအား သင်ကြားပေးလိုက်လေသည်။ နောက်တစ်နေ့ မင်းကြီး ပွဲတော်တည်သည့်အခါ နောက်ဆုံးသော ထမင်းလုတ်ကို စားအံ့ဆဲဆဲအခါသမယ၌ သုဒဿနမင်းသားက ဘုရားရှင် သင်ကြားပေးထားသော ဂါထာကိုရွတ်၍ သတိပေးသည်။ မင်းကြီးသည် ထိုထမင်းလုတ်ကို မစားတော့ဘဲ ချန်ထားခဲ့လေ၏။ နောက်တစ်နေ့တွင် ပွဲတော်အုပ်ကို ပြင်ဆင်ပေးသည့်အခါ ထမင်းတစ်လုတ်စာလျှော့၍ ပြင်ဆင်ပေးသည်။ ပွဲတော်တည်၍ ပြီးခါနီး ဘုရားရှင်၏ ဂါထာကိုရွတ်၍ သတိပေးခြင်းဖြင့် နောက်ဆုံးထမင်းတစ်လုတ်ကို မစားဘဲ ချန်ထားခဲ့ပြန်သည်။ ဤသို့ဖြင့် ပသေနဒီကောသလမင်းကြီးသည် တစ်နေ့လျှင် ထမင်းတစ်လုတ် လျှော့၍ လျှော့၍ စားသုံးလာခဲ့ရာ ကာလအတန်ကြာသောအခါ ကြွရိယာပုတ် မျှတလာပြီး ငိုက်မြည်းခြင်းလည်းမရှိ၊ ချမ်းသာစွာနေနိုင်လာခဲ့သည်။ တစ်နေ့သောအခါ ပသေနဒီကောသလမင်းက မြတ်စွာဘုရားအား "အရှင်ဘုရား တပည့်တော်သည် အာဟာရကိုဆင်ခြင်၍ မှီဝဲခဲ့ပါသဖြင့် ယခုအခါ မြင်းကိုလည်းကောင်း၊ သားသမင်ကိုလည်းကောင်း မီအောင်လိုက်၍ ပြေးနိုင်ပါပြီဘုရား"ဟု လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က-

**"အာရောဂျ ပရမာ လာဘာ**
**သန္တုဋ္ဌိ ပရမံ ဓနံ**
**ဝိဿာသ ပရမာဉာတိ**
**နိဗ္ဗာနံ ပရမံ သုခံ "** ဟု ဟောကြားတော်မူလေသည်။ "မင်းကြီး လာဘ်တကာတို့ထက် အနာရောဂါကင်း၍ ကျန်းမာခြင်းက ထူးကဲသာလွန်၏။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်းထက် တင်းတိမ်ရောင့်ရဲခြင်းက ပို၍ထူးကဲသာလွန်၏။ ဆွေမျိုးဉာတကာတို့ထက် ချစ်ကျွမ်းဝင်သော ခင်ပွန်းက ပို၍ ထူးကဲသာလွန်၏။ မင်းကြီး အသင် တွေ့ကြုံခံစားနေရသော ချမ်းသာတကာတို့ထက် ပို၍မြတ်သော၊ ပို၍ထူးကဲသာလွန်သော အရာကတော့ နိဗ္ဗာန်ချမ်းသာပါပေတကား" ဟု ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့၏။

စာရေးသူ ကျွန်တော်ကတော့ ပသေနဒီကောသလမင်းကြီးလို စည်းစိမ်ချမ်းသာမျိုး မရှိသကဲ့သို့ သူ့လောက်လည်း မစားနိုင်၊ သူ့လောက်လည်း မဝသဖြင့် ငိုက်မြည်းခြင်းအလေ့အထမရှိသည်မှာ တော်တော်ကြာခဲ့ပြီ။ ဝန်ထမ်းဘဝကာလတစ်လျှောက်လုံး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် အားလပ်ချိန် နေ့ခင်းနေ့လယ်များ၌ တစ်ရေးတစ်မော အိပ်စက်ခြင်းအမှုကိုလည်း ကျွန်တော်မပြုမိသည်မှာ ဆယ်စုနှစ် နှစ်ခု၊ သုံးခုမက ရှိလာခဲ့ချေပြီတည်း။ ကျန်းမာရေးစံအရတော့ လွဲချင်လွဲနေပါလိမ့်မည်။ ကိုယ့်နည်းကိုယ့်ဟန်ကတော့ဖြင့် ယခုအချိန်အထိ မှားသည်ဟုမထင်မိသေးပါ။ ကျွန်တော်၏ ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေသော၊ တစ်နည်းပြောရလျှင် တတိယအရွယ်ကို အဟန့်အတားမရှိ ရှင်သန်ခွင့်ပေးနေသော အရာများလည်း ရှိနေပါသေးသည်။ ထိုအရာများကတော့ ဆေးလိပ်နှင့် ကွမ်း/ဆေး စသည်တို့ကိုလည်းကောင်း၊ အရက်၊ ဘီယာ၊ ထန်းရည်၊ စိမ်ရည်၊ လျှော်စာ အစရှိသည့် ယမကာအမျိုးမျိုးတို့ကိုလည်းကောင်း ရာသက်ပန်ယတိပြတ် စွန့်လွှတ်လိုက်ခြင်းတို့ ဖြစ်ပါသည်။ ဆေးလိပ်နှင့်ကွမ်းကို ၂၀၀၄ ခုနှစ် စက်တင်ဘာလဆန်း၌ စ၍ဖြတ်ခဲ့ရာ ယခု ၁၄ နှစ်တာကာလကို လွန်မြောက်ခဲ့ပြီ။ ယမကာအမျိုးမျိုးကတော့ ကျွန်တော့်သားလူ့လောကထဲစ၍ ရောက်လာခဲ့သည့် ၁၉၉၃ ခုနှစ်ထဲ၌ ရာသက်ပန် စွန့်လွှတ်ခဲ့သည်မို့ နှစ်အစိတ်ပြည့်ခဲ့ပြီ။ ဘာကြောင့် ကျွန်တော် ဆေးလိပ်နှင့် ကွမ်းကို ဖြတ်ရသည်၊ ဘယ်လိုဖြတ်ခဲ့သည်၊ ဘာကြောင့် အရက်သေစာအမျိုးမျိုးကို ရာသက်ပန် စွန့်လွှတ်ခဲ့ရသည်ဆိုတာတွေကိုတော့ နောင်အလျဉ်းသင့်လျှင် ပြောပြပါဦးမည်။ အကြောင်းအရင်းမှာ ကျွန်တော့်သားကိုချစ်၍၊ ဦးနှောက်အမြေးရောင်ရောဂါရပြီး အောက်ပိုင်းချည့်နဲ့သွားသော ဇနီး ရောဂါသည်၏ ပတ်ဝန်းကျင်မှာ သတိပြုဆင်ခြင်စရာများရှိလာ၍ ဖြစ်သည်။ သည်ထက်ပို၍ ညွှန်းဆိုရလျှင်တော့ ဆေးလိပ်အခိုးအငွေ့ကင်းစင်သော၊ အရက်နံ့ကင်းစင်သော မိသားစုဘဝကို တည်ဆောက်လို၍ပါတည်း။

ကျွန်တော်၏ ယနေ့အချိန်အထိ ဖြတ်သန်းရောက်ရှိခဲ့သော လူမှုဘဝ ပုံသဏ္ဌာန်အရ ကိုယ့်ကိုယ်ကိုယ် အလွန်ဟန်ကျနေပြီ၊ လူတစ်လုံး သူတစ်လုံး ဖြစ်ခဲ့ပြီဟု ဘယ်တုန်းကမှ မထင်မိပါ။ သို့သော် တင်းတိမ်ရောင့်ရဲခြင်းတရားကို လက်ကိုင်ထားနိုင်သောကြောင့် လက်ရှိဘဝအနေအထားကို ကျွန်တော်ကျေနပ်သည်။ တောမှာမွေး၍ တောမှာကြီးပြင်းခဲ့သည်။ ချို့တဲ့သော မိဘများက ပညာအမွေသာပေးနိုင်ခဲ့သည်။ တောကကျောင်းတွေမှာ၊ လေးမျက်နှာပရဟိတကျောင်းမှာ နေထိုင်ပညာသင်ကြားခဲ့ဖူးသည်။ ၁၀ တန်းအောင်ပြီး စစ်တက္ကသိုလ် ဗိုလ်လောင်းဘဝကစ၍ ရေတွက်လျှင် တပ်မတော်သားဘဝဖြင့် ၁၉ နှစ်၊ အရပ်သားဝန်ထမ်းဘဝဖြင့် ၂၃ နှစ် နှစ်ပေါင်း ၄၀ စွန်းစွန်းတည်းဟူသော အချိန်ကာလတစ်ခုတွင် မိဘနှစ်ပါးကို ကောင်းစွာပြုစုစောင့်ရှောက်ခွင့် မရလိုက်ပါ။ ဘဝအတွက် ကြိုးစားရုန်းကန်နေရခြင်းတည်းဟူသော အကြောင်းပြချက်များ၊ တစ်နည်းပြောရလျှင် ဆင်ခြေဆင်လက်များက ငယ်ရွယ်စဉ်ကာလများအထိသာ မှန်ခဲ့သည်။ အသက်အရွယ်ရလာသောအခါ ထိုအကြောင်းပြချက်များသည် မိုးကြိုးပစ်သည်ကို ထန်းလက်နှင့်ကာ၍မရသော ဆင်ခြေဆင်လက်များဖြစ်ကြောင်း သိလာရသည်။ လူ့လောကလူ့ဘဝ အကြောင်းကို တိတိပပကြီး သိခွင့်ရချိန်၊ သဘောပေါက်လာချိန်၌ မိဘနှစ်ပါးက မိမိကိုစွန့်ခွာသွားခဲ့ပြီ။ ဘယ်လိုပဲဆန္ဒရှိရှိ ပြုစုခွင့်မရတော့ပါ။

ဒါကြောင့် မိမိဘဝမှာ တွေ့ကြုံခံစားခဲ့ရသော အသိတရား၊ အရှိတရား၊ သတိတရားတို့ကို အရင်းပြုလျက် မိမိ၏လက်အောက်ဝန်ထမ်းငယ်များနှင့် ကြုံဆုံချိန်၊ နေ့ထူးနေ့မြတ်များမှာ သူတို့လေးတွေလာပြီး ဂါရဝပြုချိန် ပြန်လည်ပြောကြားမျှဝေမိသည်ကတော့ (၁) မိမိတို့၏ ကျေးဇူးရှင် မိဘနှစ်ပါး သက်ရှိထင်ရှားရှိနေစဉ်မှာ အတတ်နိုင်ဆုံး ပြုစုစောင့်ရှောက်ကြပါ။ သေမှတော့ မငိုပါနဲ့။ မိဘတွေကွယ်လွန်သွားရင် အစ်ကိုကြီး အဖအရာ၊ အစ်မကြီး အမိအရာထားပြီး ပြုစုပေးပါ။ (၂) မိမိရဲ့ဇနီး၊ ခင်ပွန်းအပေါ်မှာ သစ္စာတရားကြီးမားစွာနဲ့ မိသားစုဘဝကို ချမ်းမြေ့သာယာအောင် တည်ဆောက်ပါ။ သားသမီးတွေကိုလည်း အနည်းဆုံး မိမိဘဝထက် တစ်ဆင့်မြင့်အောင် ပြုစုပျိုးထောင်ပေးပါ။ (၃) ဆွေမျိုးဉာတကာတွေနဲ့ ပတ်သက်လာရင်လည်း သူ့ဘက်၊ ကိုယ့်ဘက် မခွဲခြားဘဲ တတ်နိုင်သလောက် ထောက်ပံ့ပေးပါ။ ညီရင်းအစ်ကို မောင်ရင်းနှစ်မတွေထဲက ချို့တဲ့နေသူကို ပစ်မထားဘဲ ကျန်တဲ့မောင်နှမများက ဝိုင်းဝန်းစောင့်ရှောက်ကြပါ။ (၄) သည်လို ပြုစုစောင့်ရှောက်နိုင်ဖို့ရာမှာ အရေးအကြီးဆုံးဖြစ်တဲ့ မိမိကိုယ်တိုင် ကျန်းမာရေးကောင်းအောင် ကျင့်ကြံနေထိုင်ကြိုးစားအားထုတ်ကြပါဆိုသည့် အချက်လေးချက် ဖြစ်ပါသည်။

ကျန်းမာရေးက အဓိကကျပါသည်။ တစ်အိမ်လုံး၏ ဦးစီးဦးဆောင်၊ တစ်မိသားစုလုံး၏ အခရာ ပဲ့ကိုင်ရှင် မိမိကိုယ်တိုင်က ကျန်းမာရေးချို့တဲ့ပြီး မိသားစုလှေကြီးကို မထိန်းနိုင်လျှင် ထိုလှေသည် လိုရာပန်းတိုင်မရောက်တော့ဘဲ ဘဝဝဲသြဃဂယက်အတွင်းမှာ ချာချာလည်နေပါလိမ့်မည်။ သည့်အတွက်ကြောင့် ပဲ့ကိုင်ရှင်ဝန်ထမ်းတပည့်များထဲမှာ ဆေးလိပ်သောက်သူ၊ ကွမ်းစားသူ၊ အရက်သောက်သူများကို လျှော့ခိုင်း၊ ဖြတ်ခိုင်းပါသည်။ တစ်ဦးချင်းစီ၏ မိမိတို့ဘဝ တိုးတက်ရေးအတွက် ကြိုးစားရာမှာဖြစ်စေ၊ မိမိ၏မိသားစုကို ဦးဆောင်ရာမှအစ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဦးဆောင်ဦးရွက်ပြုရာတွင်ဖြစ်စေ ကျန်းမာရေးမကောင်း၍မရပါ။ သည့်အတွက် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟူသော ဘုရားဟောဒေသနာတော်နှင့်အညီ လိုက်နာကျင့်ကြံ ပြုမူနေထိုင်ကြဖို့ တိုက်တွန်းရေးသားအပ်ပါသည်။ ။

ဘဝအတွက် ကြိုးစားရုန်းကန်နေရခြင်းတည်းဟူသော အကြောင်းပြချက်များ၊ တစ်နည်းပြောရလျှင် ဆင်ခြေဆင်လက်များက ငယ်ရွယ်စဉ်ကာလများအထိသာ မှန်ခဲ့သည်။ အသက်အရွယ်ရလာသောအခါ ထိုအကြောင်းပြချက်များသည် မိုးကြိုးပစ်သည်ကို ထန်းလက်နှင့်ကာ၍မရသော ဆင်ခြေဆင်လက်များဖြစ်ကြောင်း သိလာရသည်။ လူ့လောက လူ့ဘဝအကြောင်းကို တိတိပပကြီး သိခွင့်ရချိန်၊ သဘောပေါက်လာချိန်၌ မိဘနှစ်ပါးက မိမိကို စွန့်ခွာသွားခဲ့ပြီ။ ဘယ်လိုပဲဆန္ဒရှိရှိ ပြုစုခွင့်မရတော့ပါ။

❖ စာမျက်နှာ ၆ မှ

အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှတစ်ဆင့် သေချာသည့် အလုပ်များအတွက် သွားရောက်မည့်သူများကို လုံလောက်သည့်ချေးငွေ (နိုင်ငံပေါ်မူတည်၍ ကျပ်ငါးသိန်းမှ သိန်း ၂၀ ဝန်းကျင်) ထုတ်ချေးခြင်းဖြင့် ရွှေ့ပြောင်းလုပ်သားတစ်ဦးချင်း၏ ငွေကြေးအခက်အခဲကိုပံ့ပိုးခြင်းသည် ရွှေ့ပြောင်းလုပ်သားများ နောင်ရလာမည့် ဝင်ငွေများမှ ချေးငွေအတွက် နိုင်ငံခြားငွေဖြင့် ပြန်ရနိုင်သလို လွှဲပြောင်းငွေများကိုလည်း **တရားဝင်လမ်းကြောင်းမှ လွှဲစေရန်စည်းရုံးပြီးဖြစ်ပါသည်။**

ဆိုလိုသည်မှာ ပြည်ပတွင် သွားရောက်အလုပ်လုပ်နေကြသည့် ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေများ၊ တရားဝင်လမ်းကြောင်းဖြစ်သည့် ဘဏ်များမှတစ်ဆင့် လွှဲပြောင်းစေခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရရှိနိုင်သည့်အပြင် တရားဝင်လွှဲပြောင်းခြင်းဖြစ်၍ ဖုံးကွယ်နေရသည့် ဝန်ဆောင်မှုပို့ကုန်များ ဖော်ထုတ်နိုင်ပြီး တိုင်းပြည်ဝင်ငွေကိုပါ တိုးလာနိုင်ပါသည်။ ယေဘုယျတွက်ချက်ခန့်မှန်းမှုအရဆိုသော် ဝင်ငွေအနည်းဆုံးရသည့် ထိုင်းနိုင်ငံမှစပြီး မလေးရှား၊ တောင်ကိုရီးယား၊ ဂျပန်စသည်ဖြင့် ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ပျမ်းမျှတစ်လ ဒေါ်လာ ၃၀၀ခန့် လွှဲပြောင်းသည်ဟု အနိမ့်ဆုံးယူဆလျှင် ခန့်မှန်းရွှေ့ပြောင်းလုပ်သားငါးသန်း၏ တစ်လလွှဲပြောင်းငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရရှိမည် ဖြစ်သည်။ တစ်နှစ် ၁၈ ဘီလီယံဆိုသည့်ငွေပမာဏသည် စုစုပေါင်း ကုန်စည်ပို့ကုန်ထက်ပင် များနေမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဖုံးကွယ်နေသည့် ဝန်ဆောင်မှုပို့ကုန်များ အမြန်ဖော်ထုတ်ခြင်းအားဖြင့် နိုင်ငံ့ဓနအင်အား တိုးပွားလာမည်ဖြစ်သည်။ အထူးသဖြင့် အရေးအကြီးဆုံး ဝန်ဆောင်မှုပို့ကုန် နှစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းနှင့် ရွှေ့ပြောင်းလုပ်သားတို့အတွက် အာရှတွင် အအောင်မြင်ဆုံးဖြစ်သည့် ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းနှင့် ဖိလစ်ပိုင်နိုင်ငံ၏ ရွှေ့ပြောင်းလုပ်သားတို့ကို စံနမူနာထားကာ အတုယူလုပ်ဆောင်သင့်ပါသည်။

**ပြည်သူအားလုံး၏တာဝန်**

နိုင်ငံ့ဓနအင်အားတောင့်တင်းရေးကို အစိုးရသာမက ပြည်သူအားလုံး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ ဝန်ဆောင်မှုပို့ကုန်များ သိသာသည့် တိုးတက်မှုဖော်ဆောင်နိုင်ရန် အစိုးရဦးဆောင်ပြီး လက်တွေ့လုပ်ဆောင်နေသည့် လုပ်ငန်းရှင်များနှင့် လူငယ်များ၏ ကြိုးစားအားထုတ်မှု၊ တီထွင်ကြံဆမှု၊ နိုင်ငံတကာ စံချိန်စံညွှန်းလိုက်နာမှုနှင့် ပြည်သူတို့၏ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်မှုတို့ အထူးလိုအပ်ပါသည်။ ခရီးသွားလုပ်ငန်း သိသိသာသာ တိုးတက်ရေးနှင့် ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေများ၊ တရားဝင်ဘဏ်လုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းစေရေးအတွက် နိုင်ငံတော်အစိုးရမှ လိုအပ်သည့် ပံ့ပိုးမှုများ၊ ဆွဲဆောင်မှုများ ပါဝင်သည့်အစီအမံများ လက်တွေ့ကျကျ အမြန်ဆောင်ရွက်ရန်လိုသလို ရွှေ့ပြောင်းလုပ်သားများအနေဖြင့်လည်း နိုင်ငံချစ်စိတ်ဖြင့် ယခင်ဟွန်ဒီစနစ်ဖြင့် လွှဲပြောင်းနေမှုများအစား ဘဏ်များမှ လွှဲပြောင်းခြင်းဖြင့် ဖုံးကွယ်နေသည့် ဝန်ဆောင်မှုပို့ကုန်များ ဖော်ထုတ်နိုင်ပြီး နိုင်ငံ့စီးပွားကို အတိုင်းအတာတစ်ခုအထိ မြှင့်တင်ပေးနိုင်မည်မှာ မုချမသွေဖြစ်သည်။

**ရည်ညွှန်း: :https : //economictimes. indiatimes. com /news / ....**

## ကျောက်မဲမြို့၌ မိုင်းအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေး



**ကျောက်မဲ စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှကြီးမှူး၍ မိုင်းအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် လားရှိုးကိုယ်စားလှယ်ရုံးခွဲမှ ပြန်ကြားဆက်သွယ်ရေး အရာရှိ မိုင်းအိုက်လော့က အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ အကြောင်း သိကောင်းစရာများ၊ နိုင်ငံတကာတွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ ကွင်းဆင်းအရာရှိ နန်းနွမ်ခမ်းက မြေမြှုပ်မိုင်းအကြောင်း သိကောင်းစရာများနှင့် မပေါက်ကွဲသေးသည့် လက်နက်အကြွင်းအကျန်များနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များ၊ ရှမ်းပြည်နယ်အတွင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ ပြည်သူ့အကျိုးပြုဆောင်ရွက်ခဲ့သော လုပ်ငန်းများအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါကော်မတီက မိုင်းငေါ့မြို့၌ မိုင်းနင်းမိ၍ ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသော ဒဏ်ရာကြီးမားသူအား ငွေကျပ် နှစ်သိန်း၊ ဒဏ်ရာအနည်းငယ်ရရှိသူအား ငွေကျပ် တစ်သိန်းခွဲ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ၁၈၀ တက်ရောက်ခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီ အကြောင်း သိကောင်းစရာများနှင့် အသိပညာပေး စာအုပ်၊ စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန်-မြိတ်လမ်းပေါ်ရှိ ပဲဒက်တံတားနှင့် ဝင်းဝတံတားဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၃၀**

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ရန်ကုန်-မြိတ်လမ်းပေါ်ရှိ ပဲဒက်တံတားနှင့် ဝင်းဝတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်းကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက်ဖွင့်လှစ်ပေးသည်။

ပဲဒက်တံတားဖွင့်ပွဲကို နံနက် ၉ နာရီခွဲတွင် အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းဦးစီးဌာနမှ လမ်းမိုင် ၉၆၉ မိုင် ၅ ဖာလုံ ဖောက်လုပ်ထိန်းသိမ်းထားပြီး လမ်းများကိုလည်း ကတ္တရာ၊ ကွန်ကရစ် (AC) လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှလည်း ကျေးလက်လမ်း ၅၁၃ မိုင် ဖောက်လုပ်ထိန်းသိမ်းထားပါကြောင်း၊ ကျေးလက်နေပြည်သူများ၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေး သွားလာနိုင်သည့် ကျေးလက်လမ်းများရရှိလာရန် နှစ်စဉ်နှစ်တိုင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြို့ပြနှင့်အိမ်ရာများကို စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် လာမည့် သုံးနှစ်တာကာလတွင် မြို့ပြစီမံကိန်းများနှင့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ ၆၄ လုံး၊ အခန်း ၆၇၀ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မြို့ကြီး ငါးမြို့တွင် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲပြီးဖြစ်ပါကြောင်း။

တံတားဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပေ ၁၈၀ နှင့်အထက် တံတား ၂၂ စင်း တည်ဆောက်ပြီးဖြစ်ရာ တနင်္သာရီတံတား၊ ပုလုံးတုံးလုံး တံတားအပါအဝင် တံတား ရှစ်စင်း ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

ယခုဖွင့်လှစ်သည့် ပဲဒက်တံတားသည် ထားဝယ်-မြိတ်လမ်းပေါ်ရှိ အချက်အချာကျသည့် တံတားတစ်စင်းဖြစ်ပြီး အရှည်ပေ ၃၀၀ နှစ်လမ်းသွားတံတားဖြစ်ပြီး ဘိုးပိုင်အုတ်မြစ်ပေါ်တွင် သံကူကွန်ကရစ် ကိုယ်ထည်၊ တံတားအပေါ်ထည်အဖြစ် သံကူကွန်ကရစ် ရက်မအဖြစ် တည်ဆောက်ထားပါကြောင်း၊ ၎င်းတံတားကို တနင်္သာရီတိုင်းဒေသကြီး၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။



တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ တံတားသစ်များ ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးတိုးတက်မှု ပိုမိုလျင်မြန်စေပြီး အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်တော့မည် ဖြစ်ကြောင်း၊ ပဲဒက်တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတားကြီးဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲဒက်တံတားကို ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၊ သရက်ချောင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များရုံးဥက္ကဋ္ဌ ဦးကြည်ရှိန်နှင့် ပဲဒက်အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းကျောင်းသူ နော်မေသဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံတားဖွင့်ပွဲ မုခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပဲဒက်တံတားကမွည်းမော်ကွန်းကျောက်စာတိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၁၃ မှ တည်ဆောက်ပြီးစီးသော ဝင်းဝတံတားဖွင့်ပွဲကို အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အမှာစကားပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဝင်းဝတံတားကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝင်းဝတံတား ကမွည်းမော်ကွန်းကျောက်စာတိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။ **(အပေါ်ဝဲပုံ)**

ဝင်းဝတံတားသည် ရန်ကုန်-မြိတ်လမ်း (ထားဝယ်-မြိတ် အပိုင်း) မိုင်တိုင်အမှတ် ၆၂ ဒသမ သုည ကီလိုမီတာတွင် တည်ရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ် ရက်မနှင့် Plate Girder၊ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို တစ်မီတာအချင်းနှင့် ၁ ဒသမ ၂ အချင်း ဘိုးပိုင်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး တံတားအရှည်ပေ ၆၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# လှော်ကားသဘာဝဥယျာဉ်တည်ထောင်ခြင်း ၂၉ နှစ်ပြည့် စည်ကားစွာ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားသဘာဝဥယျာဉ်တည်ထောင်ခြင်း ၂၉ နှစ်ပြည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဥယျာဉ် Mini Zoo ဇရိယာအတွင်း စည်ကားစွာကျင်းပသည်။

"ဒီနေ့မှာ ဈေးရောင်းပွဲတော်လေးတွေပါတယ်။ ကလေးတွေဆော့ဖို့ ချားရဟတ်တွေလည်း လုပ်ပေးထားတယ်။ လာတဲ့ဧည့်ပရိသတ်တွေ ကျေးငှက်တိရစ္ဆာန်လေးတွေနဲ့ အလှဓာတ်ပုံရိုက်လို့ရတယ်။ ဖျော်ဖြေရေးအနေနဲ့ ရှိုးပွဲတွေနဲ့အတူ Myanmar Idol က ဇော်ကြီးရဲ့ သီဆိုဖျော်ဖြေမှုထည့်ထားပါတယ်။ ဝင်ကြေးကတော့ အရင်ကအတိုင်းပါပဲ။ တိုးမြှင့်ကောက်တာမရှိပါဘူး"ဟု လှော်ကားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းအောင်က ပြောသည်။

ရန်ကုန်မြို့နှင့် ၂၁ မိုင်ခန့်အကွာတွင်တည်ရှိသည့် လှော်ကားသဘာဝဥယျာဉ်သည် ဧကအားဖြင့် ၁၅၄၀ ကျယ်ဝန်းပြီး တိရစ္ဆာန်ဥယျာဉ်ငယ်နှင့် ဆာဖာရီဥယျာဉ်ဟူ၍ အပိုင်းနှစ်ပိုင်းခွဲကာ တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းထားကြောင်း သိရသည်။

ထို့ပြင် လှော်ကားသဘာဝဥယျာဉ်သို့ တစ်လလျှင် အပန်းဖြေလာရောက်သူဦးရေမှာ ငါးသောင်းခွဲနှင့် ခြောက်သောင်းကြားရှိကြောင်း လှော်ကားသဘာဝဥယျာဉ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ယနေ့ပြုလုပ်သည့် အထိမ်းအမှတ်ပွဲတွင် Unplugged Show(Warriors Band) ၏ တီးခတ်မှုနှင့်အတူ Myanmar Idol Season 3 မှ ဇော်ကြီး၏ သီဆိုဖျော်ဖြေမှု၊ Magic Show ဖျော်ဖြေမှု၊ တိရစ္ဆာန်လိမ္မာလေးများဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ ဈေးရောင်းပွဲတော်များဖြင့် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

လှော်ကားသဘာဝဥယျာဉ်ကို ၁၉၅၅ ခုနှစ်တွင် ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၈၁ -၈၂ ခုနှစ်တွင် သစ်တောဌာနနှင့် UNDP တို့စတင်အကောင်အထည်ဖော်ကာ ၁၉၈၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ Htoo Zoos and Gardens Business Unit မှ ၂၀၁၁ ခုနှစ် မတ်လတွင် သစ်တောဌာနနှင့် သဘောတူစာချုပ် ချုပ်ဆိုကာ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ဆန်း**

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ပြုပြင်နိုင်ရေးအတွက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ Master Plan တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

ယခုအခါ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားတို့၏ရိုးရာဓလေ့ပွဲတော်များကို တိုင်းရင်းသားများက မိမိတို့ ပွဲတော်များတွင် ကျင်းပလေ့ရှိသည့်အပြင် အခါကြီးရက်ကြီးများတွင်လည်း ရိုးရာဓလေ့ပွဲများကို တိုင်းရင်းသားများအလိုက် ဖျော်ဖြေတင်ဆက်လျက်ရှိသည့်အတွက် တစ်နေ့ထက်တစ်နေ့ လူသိများလာသော်လည်း အဆင့်မြှင့်တင်ဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်လျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထင်ရှားပေါ်လွင်စွာ တစုတစည်းတည်း လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ပိုမိုကိန်းအောင်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်းစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်း(မန္တလေး)မှ ရေဆေးပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်း(မန္တလေး)မှ ၁၆ ကြိမ်မြောက် ရေဆေးပန်းချီပြပွဲနှင့် ပထမဆုံးအကြိမ်အဖြစ် သက်ကြီးပန်းချီဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၂၄ ရက်တွင် မန္တလေးတောင် ပန်းချီပြခန်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ သိရသည်။

အဆိုပါ ပန်းချီပြပွဲတွင် မန္တလေး၊ ပုဂံ၊ ပြင်ဦးလွင်နှင့် စစ်ကိုင်းမြို့များရှိ အသင်းဝင်ပန်းချီဆရာများက တစ်ဦးလျှင် ရေဆေးရှုခင်းဆိုက် ပန်းချီကားတစ်ကားနှင့် လေးချိုးဆိုက် သို့မဟုတ် ရှစ်ချိုးဆိုက် ပန်းချီကားတစ်ကားနှုန်းဖြင့် ပါဝင်ပြသနိုင်ပြီး ပြပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

"ကျွန်တော်တို့အသင်းက ပထမဆုံးအကြိမ်အနေနဲ့ မန္တလေးမှာရှိတဲ့ သက်ကြီးပန်းချီဆရာကြီးတွေကို ဂါရဝပြု ပူဇော်ကန်တော့ပွဲ ပြုလုပ်ဖို့ စီစဉ်ထားပါတယ်။ ရည်ရွယ်ချက်ကတော့ သက်ကြီးပန်းချီဆရာကြီးတွေနဲ့ မျိုးဆက်သစ်ပန်းချီဆရာတွေကို တွေ့ဆုံပေးပြီး ဆရာကြီးတွေဆီက အတွေ့အကြုံတွေနဲ့ ပန်းချီပညာရပ်တွေကို မေးမြန်းသိရှိစေဖို့ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်းဥက္ကဋ္ဌ ဦးမာလာက ပြောသည်။

ပန်းချီပြပွဲနှင့်အတူ ပန်းချီပညာရပ်ဆိုင်ရာ ဟောပြောပွဲများနှင့် လက်တွေ့ပန်းချီ သရုပ်ပြရေးဆွဲခြင်းအစီအစဉ်များကိုလည်း အောက်တိုဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပြပွဲတွင် ပါဝင်ပြသထားသည့် ပန်းချီကားများအနက် အကောင်းဆုံးပန်းချီကား သုံးကားကို ပန်းချီဆရာကြီးများက အကဲဖြတ်၍ ဆုများရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

✱ ကျောဖုံးမှ

ဟံသာဝတီ နောက်တန်း အမှားမရှိသောကြောင့် ရန်ကုန်အသင်း ဂိုးရနိုင်သည့်အခွင့်အရေး အနည်းငယ်သာရခဲ့သည်။ ဟံသာဝတီအသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်မြှင့်ခဲ့ပြီး ရန်ကုန်အသင်းဘက်သို့ တောက်လျှောက ဖိအားပေးကစားနိုင်ခဲ့သည်။ ၅၈ မိနစ်တွင် ဟံသာဝတီအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ဟိန်းထက်အောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရသွားသောကြောင့် ဟံသာဝတီအသင်း ကစားပုံပိုကောင်းခဲ့ပြီး ၆၃ မိနစ်တွင် ဟိန်းထက်အောင်၏ ထိုးဖောက်မှုကို ရန်ကုန်နောက်ခံလူ မင်းကျော်ခန့် ဖျက်ထုတ်ပုံကြမ်းသောကြောင့် ကွင်းလယ်ဒိုင်က ဟံသာဝတီအသင်းကို ပင်နယ်တီကန်ခွင့်ပေးခဲ့သည်။ ယင်းပင်နယ်တီ ပေးလိုက်ရသောကြောင့် ရန်ကုန်ကစားသမားများမှာ စောဒကတက်ခဲ့ပြီး ပြင်းထန်စွာ စောဒကတက်ခဲ့သည့် ကျော်ဇင်ထက်နှင့် မင်းကျော်ခန့်ကို ကွင်းလယ်ဒိုင်က အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ ယင်းပယ်နယ်တီကို ဂျိုးဇက်ကန်သွင်းရာ ကျော်ဇင်ထက်အစား ဝင်ရောက်ကစားသည့် ဆန်းဆက်နိုင်ကာကွယ်နိုင်ခဲ့ပြီး ဂိုးထပ်မပေးလိုက်ရသောကြောင့် ရန်ကုန်အသင်း စိတ်ဓာတ်တက်သွားပြီး ချေပဂိုးရရန်အားထည့်ကစားခဲ့သည်။ ၇၃ မိနစ်တွင် ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး မောင်မောင်လွင်က ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ သရေကျပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ဆက်တိုက်ဖိကစားခဲ့ပြီး အနိုင်ဂိုး ကို ၈၆ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဇော်မင်းထွန်းက ခေါင်းတိုက်သွင်းယူခဲ့သည်။ ဟံသာဝတီအသင်း ဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း ရန်ကုန်အသင်းက အကောင်းဆုံး ထိန်းချုပ်ကစားခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဒုတိယဆုရခဲ့သည့် ဟံသာဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၅၀၊ ပထမဆုရ ရန်ကုန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၃၀၀၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ရှုံးထွက်ချန်ပီယံဆုကို ဧရာဝတီအသင်းက သုံးကြိမ်၊ ရန်ကုန်အသင်းက နှစ်ကြိမ်၊ ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီဆွတ်ခူးရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

❍ အာရှဖိတ်ခေါ်မှ

ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့်နိုင်ငံပေါင်း ၁၀ နိုင်ငံမှ အားကစားသမား ၆၄ ဦး ပါဝင်ရာ အုပ်စုပတ်လည်စနစ်ဖြင့်ကစားရပြီး နောက်ဆုံး ၃၂ ဦး ရှုံး၊ ထွက်အဆင့်တွင် မြန်မာက မလေးရှားကို ၄-၂ ဖြင့်လည်းကောင်း၊ ၁၆ ဦးအဆင့်တွင် မြန်မာက ထိုင်းကို ၅-၂ ဖြင့်လည်းကောင်း၊ ရှစ်ဦးအဆင့်တွင် ၁၀၀ ကျော် Break အများဆုံးထိုးထားပြီး ချန်ပီယံဖြစ်ရန် ပရိသတ်တွေခန့်မှန်းထားသည့် ထိုင်းနိုင်ငံ ချန်ပီယံကို မြန်မာနိုင်ငံက ၅-၃ ဖြင့် ခက်ခက်ခဲခဲနိုင်ခဲ့၍ပရိသတ်များ အံ့သြခဲ့ရသဖြင့် ဆီမီးဖိုင်နယ်အဆင့်တွင်မလေးရှားမှ ဒုတိယတန်းလက်ရွေးစင်ကို ၄-၀ ဖြင့် အနိုင်ရထားသော်လည်း မလေးရှားက နောက်မှလိုက်၍ ၄-၄ ဖြင့် ပြန်လိုက်လာရာနောက်ဆုံးတွင် မလေးရှားကို ၆-၅ ဖြင့် နိုင်၍ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် တရုတ်မှ အာရှလူငယ်ချန်ပီယံ မလေးရှားအာရှဖိတ်ခေါ် စနူကာပြိုင်ပွဲတွင် ပထမဆု နှစ်ကြိမ်ရရှိထားသူနှင့်အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ မြန်မာကတရုတ်ကို ၆-၅ ဖြင့် ထိုက်တန်စွာအနိုင်ယူပြီး ချန်ပီယံဆုတံဆိပ်နှင့်အတူ မလေးရှား ရင်းဂစ် ၁၀၀၀၀ ဆုငွေအား ရရှိခဲ့သည်။

မြန်မာ့စနူကာချန်ပီယံကိုထက်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်အတွင်းရေးမှူး ဦးခင်မောင်ဦး၊ ဒိုင်ချုပ် ဦးဝင်းမြင့်မြတ်နှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**အေကေလင်း**

# ထိုင်း-မြန်မာ နယ်စပ်မဲဆောက်ဈေးကြီး နယ်နိမိတ်အတွင်းရှိ ကုန်ပဒေသာတိုက် မီးလောင်

**မဲဆောက် စက်တင်ဘာ ၃၀**

ထိုင်း-မြန်မာနယ်စပ်ရှိ မြန်မာအလုပ်သမား အလုပ်လုပ်ကိုင်နေကြသော မဲဆောက်ဈေးကြီး နယ်နိမိတ်အတွင်းရှိ ကုန်ပဒေသာတိုက်၌ ယနေ့ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ထိုင်းနိုင်ငံရှိ ရုပ်သံသတင်းဌာနများမှ ဖော်ပြချက်အရ သိရသည်။

**မီးငြိမ်းသတ်**

မီးလောင်ရာနေရာသို့ မဲဆောက်မြို့ပိုင်၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် နယ်မြေခံမီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် ၁၀ စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ခက်ခဲစွာ မီးငြိမ်းသတ်ခဲ့ကြရာ ငါးနာရီအကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရကြောင်း သိရသည်။

**ဆိုင်ခန်းအချို့မီးလောင်**

ထိုင်း-မြန်မာ နယ်စပ်ဒေသဖြစ်သော မဲဆောက်မြို့ရှိ မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ (JACBA) ဦးမိုးကြိုး(ခ)ဆရာမိုးက "ဒီနေ့မနက်ဖြစ်ပွားခဲ့တဲ့ မဲဆောက်ဈေးကြီးမီးလောင်မှုက နံနက် ၇ နာရီမှာ မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ အောင်မြင်စွာ မီးငြိမ်းသတ်နိုင်ခဲ့ကြတာကို တွေ့ရပါတယ်။ ကုန်ပဒေသာတိုက်ရဲ့အနီးတစ်ဝိုက် ပတ်ဝန်းကျင်ကိုတော့ စိတ်ချရအောင် ဆက်လက်မီးငြိမ်းသတ်ခဲ့ကြတာပါ။ ပြီးတော့ မဲဆောက်ဈေးကြီး မီးလောင်တယ်ဆိုပြီး တချို့တွေထင်နေကြတာ အမှန်တော့ မဟုတ်ပါဘူး။ သုံးထပ်အဆောက်အအုံကုန်ပဒေသာ တိုက်နဲ့ ဆက်စပ်နေတဲ့ ဆိုင်ခန်းတချို့ပဲ မီးလောင်တာပါ။ မြန်မာအလုပ်သမားတွေလည်း ထိခိုက်ဒဏ်ရာရရှိမှုတစ်ဦးမှ မရှိပါဘူး။ မီးလောင်ဆုံးရှုံးမှုတန်ဖိုးကတော့ ထိုင်းဘတ်ငွေသန်း ၃၀ ကျော်ဆုံးရှုံးတယ်လို့ ထိုင်းသတင်းဌာနတွေက ဖော်ပြပါတယ်"ဟု ယနေ့ညပိုင်းက ဆက်သွယ်ပြောကြားသည်။



**အနီးကပ်ကူညီဆောင်ရွက်**

မီးလောင်နေစဉ် ဈေး၏အပေါ်ထပ်တွင် ပိတ်မိနေသည့် မြန်မာနိုင်ငံသားတစ်ဦးကို မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ်ကယ်ဆယ်ရေး လှေကားအသုံးပြုကာ ကယ်ထုတ်နိုင်ခဲ့ကြောင်းနှင့် အခင်းဖြစ်နေရာတွင် အနီးကပ်ကြီးကြပ် ကူညီဆောင်ရွက်နေသော မဲဆောက်မြို့ပိုင်မှာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေစဉ် ၎င်း၏ လက်ဒဏ်ရာရရှိခဲ့ကြောင်း မဲဆောက်သတင်းရပ်ကွက် စာမျက်နှာများက ဖော်ပြခဲ့ကြသည်။

**ပွင့်သစ္စာ**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား ကျင်းပ

**တောင်ငူ စက်တင်ဘာ ၃၀**

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားပွဲအဖြစ် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ မင်္ဂလာခန်းမ၌ ကျင်းပရာ အဘိုးအဘွားများက မြန်မာ့သီချင်းအဆိုအကများဖြင့် ဖြေဖျော်ကြသည်။

အခမ်းအနားသို့ ကေတုမတီ ဘိုးဘွားရိပ်သာအကျိုးဆောင်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (တောင်ငူမြို့နယ်)၊ ပရဟိတအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ၊ အဘိုးအဘွားများ တက်ရောက်အားပေးကြသည်။

**ထောက်ပံ့ကူညီဆောင်ရွက်**

တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာကို ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဘိုးခုနစ်ဦးနှင့် အဘွား ၂၈ ဦး စုစုပေါင်း ၃၅ ဦးရှိပြီး ဘိုးဘွားရိပ်သာ အကျိုးဆောင်ကြီးကြပ်ရေးအဖွဲ့က ဦးဆောင်ထောက်ပံ့ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ အဘိုးအဘွားများအား၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မငွေများလှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုတို့အား အဘိုးအဘွားတို့က ဆုတောင်းမေတ္တာပို့သခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊ ညနေပိုင်းတွင် နိဗ္ဗာန်ဈေးပွဲတော်ဖွင့်လှစ်ခြင်း၊ မြန်မာသံစဉ်တီးဝိုင်းဖြင့် ဖြေဖျော်ဧည့်ခံခြင်းနှင့် အောင်ပွဲအထိမ်းအမှတ် မီးပုံးပျံများ၊ မီးရှူးမီးပန်းများလွှတ်တင်ခြင်းနှင့် မီးကြာခွက်များ ရေမျှောခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

**၁၂၉**

# သထုံခရိုင်ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**သထုံ စက်တင်ဘာ ၃၀**

သထုံမြို့နေ မိန္ဒတောင်ခြေ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိစ၏ (၅၅)နှစ်ပြည့်ဝိဇာတမွေးနေ့တွင် စက်တင်ဘာ နောက်ဆုံးပတ်က သထုံမြို့နေမိန္ဒရ ဝေဠုဝန်ဘုန်းကြီးကျောင်းအတွင်း ဒု-ရဲမှူးသန်းဇော်ဦးစီး၍ သထုံခရိုင်ရဲတပ်ဖွဲ့ လူစုလူဝေးစနစ်တကျစီမံခန့်ခွဲမှု(ဆင့်ပွား)သင်တန်းမှ သင်တန်းသား ၅၀ တို့က ကျောင်းဝင်းအတွင်းရှိ အမှိုက်များ ချုံနွယ်များအား သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

✱ ဆီးဂိမ်းမှ

နောက်တန်း-ကျော်မျိုးနိုင်(အား/ကာသိပ္ပံ)၊ စိုးကိုကို (ဧရာဝတီ)၊ ဖွဲ့ခန့်မင်း(ရှမ်း)၊ ထူးခန့်လင်း (ရန်ကုန်)၊ ကျော်ဖြိုးဝေ၊ အံ့မော်ဦး(ရတနာပုံ)၊ အလယ်တန်း-သက်အောင် (ဟံသာဝတီ)၊ နေသူရိန်အောင်၊ ကောင်းချစ်နိုင် (ရခိုင်)၊ မင်းကိုကို (မကွေး)၊ ဇော်ဝင်းနိုင်၊ အောင်ချမ်းငြိမ်း (Southern)၊ ကျော်ဇေယျ(စစ်ကိုင်း)၊ အာကာ (ရတနာပုံ)၊ ဇော်မွန်အောင် (အား/ကာသိပ္ပံ)၊ ရွှေတန်း-လွှမ်းမိုးဦး(ရန်ကုန်)၊ ရဲနိုင်ဦး (မကွေး)၊ သန့်ဇင်မြင့် (အား/ကာသိပ္ပံ)တို့ ပါဝင်သည်။ မြန်မာ ယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်နှင့် ဦးချစ်နိုင်တို့က တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး နှစ်သင်းစလုံးကို လေ့ကျင့်ပေးမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ (က)အသင်းသည် အောက်တိုဘာ ၂ ရက်မှစ၍ လေ့ကျင့်မှု ဆက်တိုက်ပြုလုပ်မည်ဖြစ်ပြီး (ခ) အသင်းမှာမူ တစ်ပတ်လျှင် သုံးရက်သာ လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့ လက်ရွေးစင်အသင်းတွင် ပါဝင်နေသည့် ကစားသမားများမှာမူ ဆူဇူကီးဖလားပြိုင်ပွဲပြီးဆုံးမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် (က) အသင်းကို နိုင်ငံတကာပြိုင်ပွဲများအတွက် အဓိကရည်ရွယ်ဖွဲ့စည်းသော်လည်း (ခ)အသင်းကိုမူ (က)အသင်းမှ ကစားသမားများနေရာတွင် အစားထိုးနိုင်ရန် အဆင်သင့်လေ့ကျင့်ပေးထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ယခုနှစ်ကုန်ပိုင်းတွင် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ် ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လာမည့်နှစ်တွင်မူ ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ၊ ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် အကြိမ် (၃၀)မြောက် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၁ အသင်းတွင် ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲနှင့် တရုတ်ဖိတ်ခေါ် ပြိုင်ပွဲဝင်အသင်းမှ ကစားသမားများမှာ (က)အသင်းတွင်ပါဝင်လာပြီး (ခ)အသင်းမှ ကစားသမားများမှာမူ လူငယ်လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ဇင်းကျိုက်မြို့ မင်္ဂလာကန်တော်ကြီးအတွင်း ဘေးမဲ့လွှတ်ထားသော ငါးများသေဆုံးမှုဖြစ်ပွား

**ပေါင် စက်တင်ဘာ ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ မင်္ဂလာကန်တော်ကြီးအတွင်း စက်တင်ဘာ ၂၉ ရက် ည ၉ နာရီကျော်မှ စတင်ကာဘေးမဲ့လွှတ်ထားသော မွေးမြူရေးငါးများ သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကန်တော်ကြီးအတွင်း ဘေးမဲ့လွှတ်ထားသော မွေးမြူရေးငါးများဖြစ်သော တီလားဗီးယားငါး၊ ငါးကြင်းများနှင့် ယိုးဒယား ငါးခုံးမများ ပိုမိုသေဆုံးခဲ့ကြောင်း သိရသည်။

"သေတဲ့ငါးတွေက ဒေသခံပြည်သူတွေ လာလွှတ်တဲ့ငါးတွေပါ။ မွေးမြူရေးငါးခုံးမတွေ အများဆုံးသေတယ်။ သိတဲ့သူတွေပြောတာက အောက်ဆီဂျင်ပြတ်လို့ သေတယ်ပြောတယ်။ မနှစ်က ဧပြီလမှာတစ်ခါသေဖူးတယ်။ ဒီနှစ်က မိုးတွင်းမှာ ငါးသေတယ်ဆိုတော့ တစ်ခါမှ မကြုံဖူးသေးဘူး။ ဒီတစ်ခါသေတာအကောင်ရေ ၃၀၀၀ ကျော် လောက်ရှိတယ်" ဟု ဇင်းကျိုက်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ပြောသည်။

"အဓိကကန်ထဲမှာရှိတဲ့ ငါးတွေက အရမ်းများလာတယ်။ ကန်ရေပြင်ဧရိယာ မလုံလောက်တဲ့အတွက် အောက်ဆီဂျင် ပြတ်တယ်။ ကန်မှာရှိတဲ့ အနည်အနှစ်တွေကြောင့်လည်းပါတယ်။ အဆိပ်မိလို့ သေတာမဟုတ်ဘူး။ ဒီလိုထပ်မသေဖို့က နုန်းတွေဖယ်ထုတ်မယ်။ ငါးအကောင်ရေလျှော့ချဖို့လိုအပ်တယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မင်္ဂလာကန်တော်ကြီးသည် နှစ်ပေါင်း ၁၀၀ ကျော်ခန့်ရှိပြီး ဒေသခံများမှ ငါးများဘေးမဲ့လွှတ်ခြင်းများ ပြုလုပ်သည့်ကန်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် ဧပြီလအတွင်းတွင်လည်း အောက်ဆီဂျင် ပြတ်လပ်မှုကြောင့် ငါးများသေဆုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**ကိုဟိန်း (ပေါင်)**



# ဗီဇာဖြေလျှော့ပေးမည့်အစီအစဉ်အရ ဝင်ရောက်လာကြမည့် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံသားများအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၃၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အောက်တိုဘာ ၁ ရက်မှစတင်၍ ဗီဇာဖြေလျှော့မှုတို့ဖြင့် ဝင်ရောက်လာမည့် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများ လွယ်ကူလျင်မြန်စွာဝင်ရောက်နိုင်ရေးနှင့် ၎င်းကမ္ဘာလှည့်ခရီးသွားများကို ကြိုဆိုမည့်အခမ်းအနားပြုလုပ်မည့်အစီအစဉ်၊ နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်)မှ တာဝန်ရှိသူများ၊ Yangon Aerodrome Co.,Ltd မှ တာဝန်ရှိသူများနှင့်အတူ ဧည့်သည်များ ဝင်ရောက်လာမည့်နေရာ၊ ကြိုဆိုမည့်နေရာ၊ လူဝင်မှုကြီးကြပ်ရေးကောင်တာ စသည်တို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အတူ ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိုင်ငံ၏စီးပွားရေး မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တာဝန်သိရင်းနှီးမြှုပ်နှံမှု (Responsible Investment) ဖြစ်စေရန် စိစစ်ဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံရှိ ရေမြေတောတောင်များ၊ ကမ်းခြေများ၊ ကျွန်းများ၊ ပင်လယ်ရေအောက် သဘာဝအလှအပများသည် သဘာဝအတိုင်းတည်ရှိနေသေးသဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှုတို့ကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Digital Marketing အဖွဲ့ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေနှင့် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သော ဂျပန်၊ တောင်ကိုရီးယား နိုင်ငံသားများ၊ ဟောင်ကောင်နှင့် မကာအို နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို ဗီဇာကင်းလွတ်ခွင့်နှင့် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သော တရုတ်နိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာ(Visa On Arrival) ကို အောက်တိုဘာ ၁ ရက်မှစ၍ ခွင့်ပြုပေးမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၏ တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး မေးခွန်းများကို ဖြေကြားပေးကြသည်။

**သတင်းစဉ်**



ကမ္ဘာ့ဆရာများနေ့
၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

## နေပြည်တော် ဘူတာကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃၀**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့် ဝန်ထမ်းများ၊ ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် နေဝင်း၊ ဒုတိယရဲတပ်ဖွဲ့မှူးကြီး ကျော်ထွေး၊ တပ်ဖွဲ့ခွဲ ၂၊ ၄ တို့မှတပ်ဖွဲ့ခွဲမှူးများနှင့် တပ်ဖွဲ့ဝင်များသည် ယမန်နေ့က နေပြည်တော် ဘူတာကြီးပတ်ဝန်းကျင်တစ်ဝိုက်တွင် ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **ရထားရဲတပ်ဖွဲ့**



# "တည်ကြက်" ရုပ်ရှင်ဇာတ်ကား အောက်တိုဘာ ၅ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် စက်တင်ဘာ ၃၀

**လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ စတီး(လ်) (ဒွေးမေတ္တာ) ရိုက်ကူးထားသည့် "တည်ကြက်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အောက်တိုဘာ ၅ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**




**နေတိုး**




**နေမျိုးအောင်**




**နန်းခင်ဇေယျာ**



**ဒါရိုက်တာ စတီး(လ်) (ဒွေးမေတ္တာ)**




**ယဉ်လက်**

သရုပ်ဆောင် နေတိုးက "ဒီကားထဲမှာ လမ်းပြတစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ထားတာပါ။ မိန်းကလေးခြောက်ယောက်နဲ့ တောထဲမှာ ကြမ်းတမ်းတဲ့ခရီးကိုဖြတ်သန်းရင်း အခက်အခဲအဖြစ်အပျက်တွေ ကြုံတဲ့အခါ ဦးစီးဦးဆောင်လုပ်ပေးတဲ့ လမ်းပြတစ်ယောက်ပုံစံမျိုးပါ။ ရုပ်ရှင်ဇာတ်ကားကြီးအနေနဲ့ အခုလို စွန့်စားတဲ့ ဇာတ်ကားမျိုးရိုက်တာ ပထမဆုံးပါပဲ။ မင်းသား၊ မင်းသမီးတွေ အကုန်လုံးက ဒီဇာတ်ကားကြီးကောင်းဖို့အတွက် ကိုယ့်တာဝန်ကိုယ်ကျေအောင် ကြိုးစားထားကြပါတယ်။ ဒီကားရိုက်တုန်းက ပျော်ရွှင်စရာတွေရှိသလို ခက်ခဲကြမ်းတမ်းမှုတွေလည်း ရှိခဲ့ပါတယ်"ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် နေတိုး၊ နေမျိုးအောင်၊ သင်ဇာဝင့်ကျော်၊ ရွှေသမီး၊ ယဉ်လက်၊ နန်းခင်ဇေယျာ၊ မေမြတ်နိုး၊ ချောကလျာ၊ ကြယ်ဖြူရှင်းသန့်နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး မုဆိုးတစ်ဦးအနေဖြင့် မိန်းမပျိုတစ်စုကို လမ်းပြလုပ်ရင်း တောတွင်း၌ ကြုံတွေ့ရသည့် အဖြစ်အပျက်များ၊ အခက်အခဲများနှင့် ရင်ဆိုင်ကျော်လွှားခဲ့ရပုံများကို ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ရိုက်ကူးထားသည့် တောတွင်းစွန့်စားခန်း ဇာတ်ကားမျိုးဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် နေမျိုးအောင်က "ဒီကားထဲမှာ ပါဝင်ရတဲ့အခန်းက နည်းပါတယ်။ ပါဝင်ရတဲ့ ဇာတ်ဝင်ခန်းတွေက အရေးပါတဲ့ အခန်းတွေပါ။ အမှတ်တရတွေ၊ အခက်အခဲတွေကတော့ အများကြီးပါ။ ဒီဇာတ်ကားမှာ မင်းသမီးတွေ အများကြီးပါတယ်။ ရိုက်တဲ့အချိန်တုန်းက အားလုံးပင်ပန်းကြတယ်။ ရိုက်ရတဲ့နေရာတွေက လမ်းတွေဆိုးတယ်။ တချို့ရက်တွေဆိုရင် ရှုတင်ထမင်းတောင် နောက်ကျမှစားခဲ့ရတယ်"ဟု ပြောသည်။

သရုပ်ဆောင် နန်းခင်ဇေယျာက "ဒီကားထဲမှာ အလှအပကြိုက်တဲ့ ကောင်မလေးတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားတာပါ။ တောတွင်းမှာ ရိုက်ထားတာဆိုပေမယ့် မင်းသမီးတွေအကုန်လုံးက သူ့ဇာတ်ရုပ်နဲ့သူ ပါဝင်ထားကြတာပါ။ အတွေ့အကြုံတွေလည်းရပါတယ်။ ပျော်လည်းပျော်ခဲ့ရပါတယ်။ အမှတ်တရတွေလည်းအများကြီးပါ။ တောတွင်းလမ်းတွေအတိုင်း ကိုယ့်ပစ္စည်း၊ ကိုယ့်အထုပ်ကိုယ်ကိုင်ပြီး ရိုက်ကွင်းနေရာကို နာရီဝက်လောက်ကြာအောင် လမ်းလျှောက်ပြီးသွားခဲ့ရတယ်"ဟု ပြောသည်။

ပရိသတ်အတွက် ဇာတ်ကားကောင်းတစ်ကား ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အပင်ပန်းခံကာ ကြိုးစားရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ရိုက်ကူးရန်အတွက်လည်း လေးလခန့် အချိန်ယူပြင်ဆင်ခဲ့ကြောင်း၊ နယ်မြေအသစ်များကို ရှာဖွေကာ ရိုက်ကူးထားခြင်းဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး-သီပေါလမ်းနှင့် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ တောတောင်၊ လျှိုမြောင်၊ ချောက်များတွင် သွားရောက်ရိုက်ကူးခဲ့ကြောင်း၊ လူငယ်များအတွက် မှတ်သားစရာများ ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ဒါရိုက်တာ စတီး(လ်) (ဒွေးမေတ္တာ)က ပြောသည်။

သရုပ်ဆောင် ယဉ်လက်က "ဒီကားထဲမှာ စင်ဒီဆိုတဲ့ကောင်မလေးတစ်ယောက်ပါ။ ယောကျ်ားလေးနည်းနည်းဆန်တယ်။ ကောင်မလေးတွေကိုတော့ ချစ်တယ်။ လမ်းပြလုပ်ပေးတဲ့ ကိုနေတိုးကို အမြင်မကြည်ဘူး။ အဲဒီလိုပုံစံလေး ပါဝင်ထားတာပါ။ ဒီဇာတ်ကားရိုက်ဖို့အတွက် ဒါရိုက်တာလိုချင်တဲ့ ဇာတ်ရုပ်မျိုးဖြစ်အောင် အများကြီးပြင်ဆင်ခဲ့ရပါတယ်။ အခက်အခဲတွေလည်း အများကြီး ရှိခဲ့ပါတယ်။ ရိုက်ကွင်းထဲက လမ်းနေရာတချို့ဆိုရင် ကြိုးတွေနဲ့တွယ်ပြီး တက်ခဲ့ရတာတွေရှိတယ်။ ဒီကားနဲ့ပတ်သက်ပြီး လေ့လာစရာတွေ အများကြီး ရခဲ့ပါတယ်။ အကုန်လုံးကြိုးစားပြီး ရိုက်ကူးထားတဲ့ ဇာတ်ကားပါ"ဟု ပြောသည်။

လူ့အဖွဲ့အစည်းအတွင်း အစုအဖွဲ့တစ်ခုအနေဖြင့် မိမိတို့၏ ရည်မှန်းချက်ခရီးတစ်ခုကို အတူလျှောက်လှမ်းနေစဉ်အတွင်း လောဘ၊ ဒေါသ၊ မောဟများ လွှမ်းမိုးဖိစီးလာပါက အစုအဖွဲ့အတွင်း စည်းလုံးညီညွတ်မှုပြိုကွဲကာ မူလရည်မှန်းချက်ပန်းတိုင် ပျက်စီးပျောက်ကွယ်သွားနိုင်သည့် သဘောကို အခြေခံကာ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့(ဆောင်းပါးပြိုင်ပွဲ)အဆင့်မြင့်ပညာအဆင့် ဆုရဆရာ၊ ဆရာမများစာရင်း

ခေါင်းစဉ် - "ဆရာဟူသည် စံနမူနာကောင်း"

| စဉ် | အမည် | အဆင့် | ရာထူး | တက္ကသိုလ်/ကောလိပ် |
|---|---|---|---|---|
| ၁ | ဒေါက်တာမိုးမိုး | ပထမ | တွဲဖက်ပါမောက္ခ(မြန်မာစာဌာန) | ပဲခူးတက္ကသိုလ် |
| ၂ | ဒေါ်ခိုင်ခိုင်ရီ | ဒုတိယ | ပါမောက္ခဌာနမှူး(အငြိမ်းစား)၊ မြန်မာစာဌာန | သမဝါယမတက္ကသိုလ်၊ စစ်ကိုင်းမြို့ |
| ၃ | ဒေါက်တာသက်နွယ်နွယ်ဝင်း | တတိယ | လက်ထောက်ကထိက | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ဆောင်းပါးပြိုင်ပွဲ)အခြေခံပညာအထက်တန်းအဆင့် ဆုရ ဆရာ၊ ဆရာမများစာရင်း

ခေါင်းစဉ် - "ဆရာဟူသည် စံနမူနာကောင်း"

| စဉ် | အမည် | အဆင့် | ရာထူး | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | ဦးညွန့်ဝင်း | ပထမ | အထက်တန်းပြ | တာပွန်အခြေခံပညာအထက်တန်းကျောင်း၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်) |
| ၂ | ဒေါ်မိုးမိုးအောင် | ဒုတိယ | အထက်တန်းပြ | အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) |
| ၃ | ဒေါ်လွင်လွင်သန်း | တတိယ | အထက်တန်းပြ | အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်း၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ဆောင်းပါးပြိုင်ပွဲ)အခြေခံပညာအလယ်တန်းအဆင့် ဆုရဆရာ၊ ဆရာမများစာရင်း

ခေါင်းစဉ် - "ဆရာဟူသည် စံနမူနာကောင်း"

| စဉ် | အမည် | အဆင့် | ရာထူး | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | ဒေါ်သန္တာလှိုင် | ပထမ | အလယ်တန်းပြ | ရေပြင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၂ | ဒေါ်နှင်းဇာခြည်ဝမ်း | ဒုတိယ | အလယ်တန်းပြ | အေးမြသာယာ၊ အခြေခံပညာအထက်တန်း ကျောင်း၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) |
| ၃ | ဒေါ်ဝင်းဝင်းအေး | တတိယ | အလယ်တန်းပြ (မူတာဝန်) | အမှတ်(၁) အခြေခံပညာအလယ်တန်း ကျောင်း၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ဆောင်းပါးပြိုင်ပွဲ)အခြေခံပညာမူလတန်းအဆင့် ဆုရဆရာ၊ ဆရာမများစာရင်း

ခေါင်းစဉ် - "ဆရာဟူသည် စံနမူနာကောင်း"

| စဉ် | အမည် | အဆင့် | ရာထူး | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | ဒေါ်စိုးစန္ဒာကျော် | ပထမ | မူလတန်း ကျောင်းအုပ် | တိုးတက်ရွာသစ်၊ အခြေခံပညာမူလတန်း ကျောင်း၊ ရေးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂ | ဦးအောင်ပိုင်ထက် | ဒုတိယ | မူလတန်းပြ | စမ်းမကြီး၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၃ | ဒေါ်သော်ဇင်ချမ်းမြေ့သူ | တတိယ | မူလတန်းပြ | အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့(စာစီစာကုံးပြိုင်ပွဲ)တက္ကသိုလ်/ကောလိပ်အဆင့် ဆုရသင်တန်းသား၊ သင်တန်းသူများစာရင်း

ခေါင်းစဉ် - "လမ်းပြပမာအာစရိယဆရာ"

| စဉ် | အမည် | အဆင့် | သင်တန်း | တက္ကသိုလ်/ကောလိပ် |
|---|---|---|---|---|
| ၁ | မောင်ရဲရင့်အောင် | ပထမ | ဒုတိယနှစ်၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း | မန္တလေးပညာရေးကောလိပ် |
| ၂ | မချိုမော်လွင် | ဒုတိယ | ပထမနှစ်၊ လုပ်ငန်းခွင်အကြိုဆရာ အတတ်ပညာဒီပလိုမာသင်တန်း | စစ်ကိုင်းပညာရေးကောလိပ် |
| ၃ | မခင်ငြိမ်းချမ်း | တတိယ | ဒုတိယနှစ်၊ လုပ်ငန်းခွင်အကြိုဆရာ အတတ်ပညာဒီပလိုမာသင်တန်း | ရန်ကင်းပညာရေးကောလိပ် |

**မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်**

(၃၀-၉-၂၀၁၈)

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (စာစီစာကုံးပြိုင်ပွဲ)အခြေခံပညာအထက်တန်းအဆင့် ဆုရကျောင်းသား၊ ကျောင်းသူများစာရင်း

ခေါင်းစဉ် - "အနာဂတ်မျှော်လင့်ချက်များကိုဖန်တီးပေးနိုင်သူ"

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မရည်မွန်မွန်ဦး | ပထမ | ဒသမတန်း | အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂ | မနှင်းအိဇင်ဖြိုး | ဒုတိယ | ဒသမတန်း | အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၃ | မောင်ထက်ဝေယံ | တတိယ | ဒသမတန်း | အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (စာစီစာကုံးပြိုင်ပွဲ)အခြေခံပညာအလယ်တန်းအဆင့် ဆုရကျောင်းသား၊ ကျောင်းသူများစာရင်း

ခေါင်းစဉ် - "အနာဂတ်မျှော်လင့်ချက်များကို ဖန်တီးပေးနိုင်သူ"

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မပြည့်ဖြိုးခင် | ပထမ | သတ္တမတန်း | အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ် |
| ၂ | မမေဇင်မောင် | ဒုတိယ | ဆဋ္ဌမတန်း | အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် |
| ၃ | မထက်အိန္ဒြာကျော် | တတိယ | ဆဋ္ဌမတန်း | အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့(ကဗျာပြိုင်ပွဲ)တက္ကသိုလ်/ကောလိပ်အဆင့် ဆုရသင်တန်းသား၊ သင်တန်းသူများစာရင်း

ခေါင်းစဉ် - "လူသားဥယျာဉ်မှူး"

| စဉ် | အမည် | အဆင့် | သင်တန်း | တက္ကသိုလ်/ကောလိပ် |
|---|---|---|---|---|
| ၁ | မောင်ဥက္ကာ | ပထမ | ဒုတိယနှစ်၊ လုပ်ငန်းခွင်အကြိုဆရာ အတတ်ပညာဒီပလိုမာသင်တန်း | မြောင်းမြပညာရေးကောလိပ် |
| ၂ | မောင်မွန်ချမ်း | ဒုတိယ | ဒုတိယနှစ်၊ လုပ်ငန်းခွင်အကြိုဆရာ အတတ်ပညာဒီပလိုမာသင်တန်း | တောင်ငူပညာရေးကောလိပ် |
| ၃ | မမေမြတ်နိုးဦး | တတိယ | ပထမနှစ်(မြန်မာစာ) | မြိတ်တက္ကသိုလ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ကဗျာပြိုင်ပွဲ)အခြေခံပညာအထက်တန်းအဆင့် ဆုရကျောင်းသား၊ ကျောင်းသူများစာရင်း

ခေါင်းစဉ် - "ပညာပန်းများပွင့်စေသူ"

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မဝင်းရွှေကြည် | ပထမ | အဋ္ဌမတန်း | အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ် |
| ၂ | မောင်စိုင်းလျှမ်းထက်အောင် | ဒုတိယ | အဋ္ဌမတန်း | အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း |
| ၃ | မဖူးပြည့်စုံသူ | တတိယ | အဋ္ဌမတန်း | အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ကဗျာပြိုင်ပွဲ)အခြေခံပညာအလယ်တန်းအဆင့် ဆုရကျောင်းသား၊ ကျောင်းသူများစာရင်း

ခေါင်းစဉ် - "ပညာပန်းများပွင့်စေသူ"

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မောင်မင်းသူခန့် | ပထမ | သတ္တမတန်း | အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂ | မသန့်ရတီအောင် | ဒုတိယ | ဆဋ္ဌမတန်း | အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မကျည်းမြိုင်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၃ | မသက်ရတနာဦး | တတိယ | ဆဋ္ဌမတန်း | အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ပိုစတာပြိုင်ပွဲ) တက္ကသိုလ်/ကောလိပ်အဆင့် ဆုရကျောင်းသား၊ ကျောင်းသူများစာရင်း

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မောင်ဖြိုးသူဟိန်း | ပထမ | ဒုတိယနှစ် | လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၊ ပခုက္ကူပညာရေးကောလိပ် |
| ၂ | မောင်ကောင်းညီခ | ဒုတိယ | ဒုတိယနှစ် | လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၊ ထားဝယ်ပညာရေးကောလိပ် |
| ၃ | မောင်သန်းတိုးအောင် | တတိယ | ဒုတိယနှစ် | လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း၊ လှည်းကူးပညာရေးကောလိပ် |

# အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲ ကျင်းပမည်



**ဝါရှင်တန် စက်တင်ဘာ ၃၀**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သူနှင့်မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ချစ်ခင်လေးစားလျက်ရှိသည်ဟု ယနေ့ပြောကြားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၃၀ ရက်တွင် အနောက်ဗာဂျီးနီးယားပြည်နယ်အတွင်း ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးပွဲတစ်ခု၌ သမ္မတ ဒေါ်နယ်ထရန့်က ၎င်းနှင့်ခေါင်းဆောင် ကင်ဂျုံအန်တို့၏ ဆက်ဆံရေးကောင်းမွန်မှုကို အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သမ္မတ ဒေါ်နယ်ထရန့်က ၎င်းအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ထပ်မံတွေ့ဆုံရန် ဆုံးဖြတ်ချက်ချမှတ်ပြီးကြောင်း ပြောကြားခဲ့သည်။

ခေါင်းဆောင်ကင်ဂျုံအန်က ၎င်းဆီသို့ အပြုသဘောဆောင်သည့် ပေးစာများ ပေးပို့ခဲ့ကြောင်းနှင့် ခေါင်းဆောင်ကင်က ၎င်းအပေါ် နှစ်သက်လေးစားသလို သူ့အနေဖြင့်လည်း ခေါင်းဆောင်ကင်အား အပြန်အလှန် နှစ်သက်လေးစားပါကြောင်း သမ္မတ ထရန့်က ဆိုသည်။

နိုဝင်ဘာလအတွင်း ကျင်းပမည့် အမေရိကန်ရွေးကောက်ပွဲမတိုင်မီ အမေရိကန်-မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရန် သမ္မတထရန့်အနေဖြင့် ဆန္ဒရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက အမေရိကန်-မြောက်ကိုရီးယား ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးပွဲ ကျင်းပနိုင်ရေးအတွက် စီမံမှုများလုပ်ဆောင်ရန် အောက်တိုဘာလအတွင်း မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံအမည်နာမ ပြင်ဆင်ပြောင်းလဲရန် လိုလားခြင်း ရှိ၊ မရှိ မက်ဆီဒိုးနီးယား၌ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပ

**စကော့ပ်ယေး စက်တင်ဘာ ၃၀**
ဂရိနိုင်ငံနှင့် ကာလကြာရှည်ဖြစ်ပွားလာခဲ့သော အမည်နာမ အငြင်းပွားမှုနှင့်ပတ်သက်၍ ဖြေရှင်းနိုင်စေရန် ရည်ရွယ်လျက် နိုင်ငံ၏ အမည်နာမအား ပြန်လည်ပြင်ဆင်ပြောင်းလဲခြင်းကို လိုလားခြင်း ရှိ မရှိ သဘောထားဆန္ဒထုတ်ဖော်နိုင်မည့် ပြည်သူ့ဆန္ဒခံယူပွဲကို မက်ဆီဒိုးနီးယားနိုင်ငံတွင် စက်တင်ဘာ ၃၀ ရက်က ကျင်းပကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်ခဲ့သည်။

ကုန်းတွင်းပိတ် နိုင်ငံတစ်နိုင်ငံဖြစ်သော မက်ဆီဒိုးနီးယားနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံမှ လွတ်လပ်ရေးရရှိခဲ့ချိန်မှစ၍ နိုင်ငံ၏ အမည်နာမကို အသိအမှတ်ပြုခံရနိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်လာခဲ့ရသည်။

ဂရိနိုင်ငံ၏ မြောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သော မက်ဆီဒိုးနီးယားပြည်နယ်၏ အမည်နာမကို နိုင်ငံ၏ အမည်နာမအဖြစ် သုံးစွဲခြင်းမပြုရန် ဂရိအစိုးရအဖွဲ့က ကန့်ကွက်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။




ရှေးဟောင်း ဂရိနိုင်ငံ၏ ဧကရာဇ်ဘုရင်ဖြစ်သော အလက်ဇန္ဒားသည် ဂရိ၏ နိုင်ငံတော်အမည်နာမဖြစ်သော မက်ဆီဒွန်ကို အလေးအမြတ်ပြုသည့်အနေဖြင့် ဂရိနိုင်ငံကရော မက်ဆီဒိုးနီးယားနိုင်ငံကပါ မက်ဆီဒိုးနီးယားဟူသော အမည်နာမကို ရွေးချယ်သုံးစွဲခဲ့ကြခြင်း ဖြစ်သည်။

မက်ဆီဒိုးနီးယား နိုင်ငံသည် ယင်း၏နိုင်ငံအမည်နာမကို ပြောင်းလဲပေးမည်ဆိုပါက အပြန်အလှန်အားဖြင့် ဥရောပသမဂ္ဂ (အီးယူ)နှင့် မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)တို့သို့ ယင်းနိုင်ငံဝင်ရောက်ခွင့် ရရှိရေးအတွက် ထောက်ခံမည်ဟု မက်ဆီဒိုးနီးယား ဝန်ကြီးချုပ်ဇော်ရန်ဇယက်နှင့် ဂရိဝန်ကြီးချုပ် အလက်ဇစ်ဇီပရက်တို့ ဇွန်လတွင် သဘောတူညီမှု ရရှိခဲ့ပြီးနောက် နိုင်ငံအမည်ပြန်လည်ပြောင်းလဲမှုကို ပြည်သူတို့ လက်ခံလိုခြင်း ရှိ မရှိ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းဖြစ်သည်။

ပြည်သူ့ဆန္ဒခံယူပွဲအတွက် မဲရုံများကို ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် ဖွင့်လှစ်ပေးခဲ့ပြီး ည ၇ နာရီတွင် ပိတ်သိမ်းရန် စီစဉ်ထားသည်။

**အေအက်ဖ်ပီ**

## နျူလက်နက်ဖျက်သိမ်းရေး မြောက်ကိုရီးယား သဘောထားထုတ်ဖော်

**နယူးယောက် စက်တင်ဘာ ၃၀**
မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုသည် ၎င်း၏ နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များကို တစ်နိုင်ငံတည်းက တစ်ဖက်သတ်ဖျက်သိမ်းခြင်းကို မည်သည့်အခါတွင်မျှ လုပ်ဆောင်မည်မဟုတ်ကြောင်း၊ နျူကလီးယားလက်နက်ဖျက်သိမ်းရေးတွင် အမေရိကန်ဘက်မှ အတုံ့အလှည့် ဆောင်ရွက်ရန် လိုအပ်ပုံကို ၎င်းက ရည်ညွှန်းကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

နယူးယောက်မြို့၌ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံ၌ စက်တင်ဘာ ၂၉ ရက်က မိန့်ခွန်းပြောကြားရာတွင် ဝန်ကြီး ရီက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် ကိုရီးယားကျွန်းဆွယ်ကို နျူကလီးယားလက်နက်နှင့် နျူကလီးယားခြိမ်းခြောက်မှုတို့မှ ကင်းဝေးစေသော ငြိမ်းချမ်းမှုထွန်းကားသောဒေသအဖြစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ထားပြီးဖြစ်သည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးတိုးတက်စေရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးနှင့် နျူကလီးယားဖျက်သိမ်းရေး လက်တွေ့ဖြစ်ပေါ်လာစေရန် စဉ်ဆက်မပြတ် လုပ်ကိုင်လှုပ်ရှားသွားရမည်ဖြစ်ကြောင်း ဝန်ကြီးရီက ပြောကြားသည်။

မြောက်ကိုရီးယားအစိုးရသည် နျူကလီးယားစမ်းသပ်သည့် နေရာကို ပိတ်ပေးခဲ့ခြင်းအပါအဝင် အခြားဆောင်ရွက်မှုများကို အကောင်အထည်ဖော်ခဲ့သော်လည်း အမေရိကန်အစိုးရက တုံ့ပြန်လုပ်ဆောင်ခဲ့မှုမရှိကြောင်း ဝန်ကြီးရီက ပြစ်တင်ဝေဖန်ခဲ့သည်။

အမေရိကန်သည် မြောက်ကိုရီးယားဘက်မှ နျူကလီးယားဖျက်သိမ်းရေးကို ဦးစွာလုပ်ဆောင်စေရန် ဒဏ်ခတ်အရေးယူမှုများဖြင့် ဖိအားပေးနေကြောင်း၊ ကိုရီးယားစစ်ပွဲ ပြီးဆုံးကြောင်း ကြေညာရေးကိစ္စတွင်မူ ယင်းနိုင်ငံက ကန့်ကွက်လျက်ရှိကြောင်း ဝန်ကြီးရီက ပြောကြားသည်။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် မယုံကြည်မှု ရှိနေပါက နှစ်ဖက်အကြား ရရှိခဲ့သော သဘောတူညီချက်များအားလုံး အကောင်အထည်ပေါ်လာမည်မဟုတ်ကြောင်း ဝန်ကြီးရီက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# နိုင်ငံလုံခြုံမှုရှိရေး အထောက်အကူပေးရန် ကုလသမဂ္ဂအား လစ်ဗျားအစိုးရ တိုက်တွန်း

**ကုလသမဂ္ဂ စက်တင်ဘာ ၃၀**
လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂနိုင်ငံရေး အထူးလုပ်ငန်းအဖွဲ့ကို လုံခြုံရေးနှင့် တည်ငြိမ်မှု ထိန်းသိမ်းရေး အထူးလုပ်ငန်းအဖွဲ့အဖြစ်သို့ အသွင်ကူးပြောင်းရန် ကုလသမဂ္ဂက ထောက်ခံသော လစ်ဗျားအစိုးရအဖွဲ့မှ နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဆီယာလာက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။



လစ်ဗျားနိုင်ငံ၌ တစ်လတာကာလအတွင်း လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ရသော တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ဝန်ကြီး ဆီယာလာက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။ လစ်ဗျားနိုင်ငံ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရေးတို့မှာ အထူးဦးစားပေး လုပ်ငန်းတစ်ရပ်ဖြစ်သင့်ကြောင်း ဝန်ကြီး ဆီယာလာက ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲ၌ စက်တင်ဘာ ၂၉ ရက်က မိန့်ခွန်းပြောကြားရာတွင် ပြောကြားခဲ့သည်။

လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထောက်အကူပေးရေး မစ်ရှင်အဖွဲ့ (ယူအင်န်အက်စ်အမ်အိုင်အယ်လ်)သည် နိုင်ငံရေးအထူးပြု မစ်ရှင်အဖွဲ့အဖြစ်ရပ်တည်သော အခန်းကဏ္ဍမှ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို တည်ဆောက်သည့် အခန်းကဏ္ဍသို့ အသွင်ကူးပြောင်းသင့်ကြောင်း ဝန်ကြီး ဆီယာလာက ပြောကြားသော်လည်း ၎င်း၏နိုင်ငံတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဖြန့်ကြက်ရေး ကိစ္စနှင့်ပတ်သက်၍ အတိအကျ ပြောကြားခြင်း မရှိပေ။

လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထောက်အကူပေးရေး မစ်ရှင်အဖွဲ့ကို ၂၀၁၁ ခုနှစ်တွင် ထူထောင်ခဲ့သည်။ လစ်ဗျားနိုင်ငံ၏အာဏာရှင် မိုဟာမက်ကဒါဖီအား ဖြုတ်ချနိုင်ခဲ့သော နေတိုးထောက်ခံခဲ့သည့် တော်လှန်ရေးတစ်ရပ် ပေါ်ပေါက်လာခဲ့ပြီးနောက် ယင်းနိုင်ငံ၏ အာဏာပိုင်သစ်များကို အထောက်အကူပြုနိုင်ရန် အဆိုပါ မစ်ရှင်အဖွဲ့ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

အာဖရိကတိုက်မြောက်ပိုင်းရှိ လစ်ဗျားနိုင်ငံ၌ ဒီမိုကရေစီ အသွင်ကူးပြောင်းနိုင်စေရေးအတွက် နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပနိုင်ရန် အဆိုပါ မစ်ရှင်အဖွဲ့က အာရုံစိုက် ဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂက ကြားဝင်စေ့စပ်ပေးမှုဖြင့် ရရှိခဲ့သော သဘောတူညီချက်တစ်ရပ်အရ လစ်ဗျားနိုင်ငံ မြို့တော် ထရီပိုလီတွင် ညီညွတ်ရေး အစိုးရအဖွဲ့ကို ထူထောင်ခဲ့သော်လည်း ယင်းအစိုးရအဖွဲ့ကို စင်ပြိုင်အစိုးရအဖွဲ့က အသိအမှတ်ပြုခြင်း မရှိခဲ့ပေ။ လစ်ဗျားနိုင်ငံ အရှေ့ပိုင်းဒေသကို ခြေကုပ်ပြုကာ လှုပ်ရှားနေသော ခါလီဖာဟက်ဖ်တာ၏ ပြည်သူ့စစ်အဖွဲ့နှင့် ကုလသမဂ္ဂအသိအမှတ်ပြု အစိုးရအဖွဲ့၏ ပြည်သူ့စစ်အဖွဲ့တို့အကြား တစ်လကြာမျှ တိုက်ခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ **အေအက်ဖ်ပီ**

# တရုတ်နိုင်ငံမှထုတ်လုပ်သည့် ရောင်စုံမီးပုံးဒီဇိုင်းအသစ်များ မန္တလေးဈေးကွက်သို့ ဝင်ရောက်

**မန္တလေး စက်တင်ဘာ ၃၀**

သီတင်းကျွတ်ပွဲတော်အမီ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ဒီဇိုင်းသစ် ရောင်စုံမီးပုံးများ မန္တလေးဈေးကွက်သို့ စတင်ဝင်ရောက်ကာ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။



ယခုနှစ် သီတင်းကျွတ်ပွဲတော်အတွက် တရုတ်နိုင်ငံမှ ရောင်စုံမီးပုံးဒီဇိုင်းသစ်များအဖြစ် ခမောက်ပုံဇာသား၊ ရွှေ၊ ငွေဆွဲသားနှင့် ဖဲသားအပွင့်ပါ ရောင်စုံမီးပုံးဒီဇိုင်းသစ်များနှင့်အတူ ကမာခွံ၊ ခရု၊ ချည်လုံးနှင့် ကြယ်ပုံစံ ရောင်စုံမီးကြိုးဒီဇိုင်းသစ်များလည်း ဝင်ရောက်လာကြောင်း မန္တလေးမြို့ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်တွင် ဖွင့်လှစ်ထားသည့် ရောင်စုံမီးပုံးနှင့် မီးကြိုးများ လက်ကားဖြန့်ချိရေးဆိုင်မှ ဒေါ်စောကေသီနွယ်က ပြောသည်။

"ဒီနှစ်မှာ တရုတ်နိုင်ငံကထုတ်လုပ်တဲ့ ရောင်စုံမီးပုံး၊ မီးကြိုးတွေနဲ့အတူ ကလေးကစားစရာအသစ်တွေလည်း ဝင်လာပြီး ဒီဇိုင်းဆန်းတဲ့ ခမောက်ပုံဇာသားမီးပုံးနဲ့ ကမာခွံမီးကြိုးတွေ လူကြိုက်များပြီး အရောင်းသွက်နေပါတယ်။ ဈေးနှုန်းကတော့ တရုတ်ငွေကြေးအခြေအနေကြောင့် မနှစ်ကထက် ၁၀ ရာခိုင်နှုန်းလောက်မြင့်တက်လာပါတယ်" ဟု ၎င်းက ပြောသည်။

ယခုနှစ် ရောင်စုံမီးပုံးဈေးနှုန်းများအနေဖြင့် လူကြိုက်များသည့် ခမောက်ပုံဇာသားမီးပုံးများမှာ ရှစ်လက်မအရွယ်မှ ၁၂ လက်မအရွယ်အစားအလိုက် တစ်လုံးလျှင် ကျပ် ၁၈၀၀ မှ ၂၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ရွှေ၊ ငွေဆွဲသားမီးပုံးတစ်လုံးလျှင် ၁၀ လက်မ၊ ၁၂ လက်မနှင့် ၁၄ လက်မအရွယ်အစားအလိုက် ကျပ် ၆၅၀၀ မှ ကျပ် ၇၅၀၀ နှုန်းအထိလည်းကောင်း၊ ၁၄ လက်မအရွယ်အစားရှိ ဖဲသားအပွင့်ပါ မီးပုံးတစ်လုံးလျှင် ကျပ် ၅၅၀၀ နှုန်းဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိပြီး ပြည်တွင်းဖြစ် မိုမိုကိုတံဆိပ်ပါ ရောင်စုံမီးပုံးများမှာလည်း ယခင်နှစ်ဈေးနှုန်းများအတိုင်း တစ်လုံးလျှင် ကျပ် ၄၅၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့အပြင် ဒီဇိုင်းအသစ်ဖြင့် ဝင်ရောက်လာသည့် ရောင်စုံမီးကြိုးများအနေဖြင့် ကမာခွံ၊ ကြယ်နှင့် ခရုပုံစံ မီးကြိုးတစ်ကုံးလျှင် ကျပ် ၇၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ချည်လုံးပုံစံမီးကြိုးတစ်ကုံးလျှင် ကျပ် ၉၀၀၀ နှုန်းဖြင့် လည်းကောင်း ရောင်းချပေးလျက်ရှိပြီး မီးကြိုးအရှည်မှာ ၁၂ ပေရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# AFC 'အေ' လိုင်စင်နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) နှင့် အာရှဘောလုံးအဖွဲ့ချုပ်(AFC) တို့ ပူးပေါင်းဖွင့်လှစ်သည့် AFC 'အေ' လိုင်စင်နည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက MFFအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ မစ္စတာမာလွန်က အမှာစကားပြောကြားကာ သင်တန်းသားများကိုယ်စား လက်ရွေးစင်ဟောင်း လာကျဲအိုလွယ်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် သင်တန်းဆရာ မစ္စတာမာလွန်တို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ AFC 'အေ' လိုင်စင်နည်းပြသင်တန်းကို စက်တင်ဘာ ၄ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး မြန်မာ့လက်ရွေးစင် ကစားသမားဟောင်းများ၊ ကလပ်အသင်းနည်းပြများ၊ လူငယ်လက်ရွေးစင်အသင်းနည်းပြများ၊ အားကစားနှင့် ကာယပညာသိပ္ပံမှ နည်းပြများအပါအဝင် ပြည်တွင်းမှ ၂၃ ဦးနှင့် ဩစတြေးလျကလပ် Parramatta FC မှ နည်းပြတစ်ဦး စုစုပေါင်း သင်တန်းသား ၂၄ ဦး တက်ရောက်ခဲ့သည်။



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က "ကျွန်တော်တို့တစ်နိုင်ငံလုံးက ဘောလုံးကို ချစ်ကြတယ်။ ချမ်းသာတဲ့နိုင်ငံကြီးတွေလို အခြေခံအဆောက်အအုံတွေ၊ ကစားကွင်းတွေ၊ ဘတ်ဂျက်အသုံးစရိတ်တွေ သူတို့လို ယှဉ်ပြီးမသုံးနိုင်ဘူး။ ဒါပေမယ့် ဘောလုံးကို ချစ်တဲ့စိတ်နဲ့ အောင်မြင်လိုတဲ့ စိတ်ကတော့ ကျွန်တော်တို့လည်း သူတို့ထက်မနိမ့်ပါဘူး။ ကျွန်တော်တို့ ရည်မှန်းချက်၊ ကျွန်တော်တို့ အနာဂတ်မျှော်လင့်ချက်တွေကတော့ သူတို့ထက်မြင့်မားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘောလုံးဖွံ့ဖြိုးရေးစီမံကိန်းတွေကို အခြေခံကျကျ ဆောင်ရွက်နေတာပါ" ဟု သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MFF**

# ထန်းတပင်မြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**ထန်းတပင် စက်တင်ဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် သင်တန်းသူ သုံးဦးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းတို့က ဆုများအသီးသီး ပေးအပ်ခဲ့ကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းမော်က သင်တန်းသူ ၃၀ အား သင်တန်းဆင်းဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

**သထုံ စက်တင်ဘာ ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် တောကြီးကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာမှ လုပ်အားအလှူအပြင် ငွေကျပ် ၇၈၅၆၀၀၀ ထည့်ဝင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ ဒု ရှစ်လက်မရှိကြောင်း သိရသည်။

**မိုးဝင်း(သထုံခရိုင်)**

# အရာတော်မြို့နယ်တွင် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဝါးရောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ စိန်ပန်းနီခန်းမဆောင်၌ ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးအောင်စိုးနိုင်တို့က မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် အုပ်ထိန်းသူများ သိသင့်သိထိုက်သည့် အချက်များ၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# အဆင့်မြင့်နည်းပညာကုန်ပစ္စည်းများ ခင်းကျင်းပြသ

**ရန်ကုန် စက်တင်ဘာ ၃၀**

NIBBAN ELECTRIC & ELECTRONICS မှ အဆင့်မြင့်နည်းပညာများဖြင့် တီထွင်ထုတ်လုပ်ထားသော Kitchen Appliances ပစ္စည်းများ ခင်းကျင်းပြသပွဲကို စက်တင်ဘာ ၂၈ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ Parami Hotel Piano Bar and Grill ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် NIBBAN ၏ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ထားသော Halogen အပူပေးနည်းပညာဖြင့် အသား၊ ငါးများကို မူလအရသာမပျက်စေဘဲ လွယ်ကူမြန်ဆန်စွာကင်နိုင်သော Electric Grill Pan၊ ကြော်နိုင်၊ ကင်နိုင်သော Electric Fryer တို့အပြင် ချက်ပြုတ်နည်းရှစ်မျိုးအသုံးပြုနိုင်သော 8 in 1 Multi Function Cooker တို့ကို ခင်းကျင်းပြသထားပြီး နိုင်ငံခြားမှ စာဖိုမှူးများကိုယ်တိုင် လက်တွေ့ချက်ပြုတ်ပြီး ရှင်းလင်းပြောပြကြသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာ့အိမ်ခြံမြေဈေးကွက် ၃၀ ရာခိုင်နှုန်းအထိ ကျဆင်း

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်အနေဖြင့် ယခုလက်ရှိအချိန်တွင် ၃၀ ရာခိုင်နှုန်းခန့် အရောင်းအဝယ်ကျဆင်းသွားကြောင်း အိုင်မြန်မာဟောက်စ်ဒေ့ါကွန်း၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေမင်းသူက ပြောသည်။

"ဈေးနှုန်းအနေနဲ့ ၂၅ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့တယ်။ အရောင်းအဝယ်ပိုင်းနဲ့ အငှားပိုင်းမှာဆိုရင်လည်း ကျွန်တော်တို့ ၃၀ ရာခိုင်နှုန်းလောက် ကျဆင်းသွားတယ်" ဟု ဦးနေမင်းသူက ဆိုသည်။

၂၀၁၃ ခုနှစ်နှင့်ယှဉ်လျှင် အိမ်ခြံမြေဈေးကွက်အနေဖြင့် ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းကျဆင်းသွားပြီး အိမ်အရောင်းအဝယ်ပိုင်းနှင့် အိမ်အငှား ပိုင်းတွင်လည်း ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် တွင် အိမ်ခြံမြေလောက၌ အရောင်းအဝယ်ပိုင်းအပြင် ဈေးနှုန်းအပိုင်းမှာပါ အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး နောက်ပိုင်းနှစ်များတွင် တစ်နှစ်ပြီးတစ်နှစ် ကျဆင်းလာခဲ့သည်။

မြန်မာနိုင်ငံတွင် အိမ်ခြံမြေနှင့် ပတ်သက်လျှင် ကျပ်သိန်း ၁၀၀၀ ဝန်းကျင်ရှိ အိမ်တစ်လုံးဝယ်ယူလျှင် ၃၀ ရာခိုင်နှုန်းအခွန်ပေးဆောင်ရပြီး ထိုင်းနိုင်ငံတွင် အိမ်ဝယ်သူဘက်က အခွန်တစ်ရာခိုင်နှုန်းသာ ပေးဆောင်ရကြောင်း သိရသည်။ ထို့ကြောင့် အိမ်ခြံမြေနှင့်ပတ်သက်ပြီး အခွန်အခများကို လျှော့ပေါ့ ပေးစေလိုကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များက ဆိုသည်။

လက်ရှိအချိန်တွင် အိမ်ခြံမြေလောကအနေဖြင့် အိမ်အရောင်းအဝယ်ဖြစ်မှုနှင့် အိမ်ခြံမြေဈေးနှုန်းတွေပါ ကျဆင်းလျက်ရှိသည်။ ၂၀၁၉ ခုနှစ်တွင် အိမ်ခြံမြေလောက ပြန်လည်ဦးမော့လာစေရေး အိမ်ခြံမြေလုပ်ငန်းရှင်များက မျှော်လင့်နေကြပြီး စုပေါင်းအဆောက်အအုံဆိုင်ရာဥပဒေ(ကွန်ဒိုမီနီယမ်ဥပဒေ)ကို အမြန်ဆုံးအကောင်အထည်ဖော်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအများအပြားကို စွဲဆောင်နိုင်ရန်လည်းလိုအပ်ကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များက ဆိုသည်။

**ငြိမ်းချမ်း**



(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ နောက်ဆုံးပတ်က ရထားရဲတပ်ဖွဲ့၊ အမှတ် ၁၁ တပ်ခွဲ (ပဲခူး) တပ်ခွဲမှူး ဒုတိယရဲမှူးအောင်မင်း ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် ဘူတာလမ်းရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုရဲ

# မောင်တောမြို့နယ် သဲချောင်းကျေးရွာ၌ လူ ၁၀ ဦးခန့်က နေအိမ်တံခါးအား ထုရိုက်ဖျက်ဆီးပြီး အိမ်ကို မီးရှို့၊ လုပ်သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် နှစ်ဦး ဒဏ်ရာရရှိ

**မောင်တော စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဲချောင်းကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် လူ ၁၀ ဦးခန့်က နေအိမ်တံခါးအား ထုရိုက်ဖျက်ဆီးပြီး အိမ်ကို မီးရှို့ကာ လုပ်သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် သဲချောင်းကျေးရွာနေ ဇော်သိန်း(ခ) မူဆာအာလီ၏ နေအိမ်တံခါးအား ၎င်းနှင့် မျိုးနွယ်တူ လူ ၁၀ ဦးခန့်က ယနေ့နံနက် ၁ နာရီခန့်တွင် ထုရိုက်ဖျက်ဆီးပြီး နေအိမ်ကို မီးရှို့ခဲ့ကြောင်း၊ ထို့နောက် လုပ်သေနတ်ဖြင့် နှစ်ချက်ခန့် ပစ်ခတ်သဖြင့် ဇော်သိန်း(ခ)မူဆာအာလီ၏ မိခင်ဖြစ်သူ ဒေါ်ခါလီနာ(၆၆)နှစ်တွင် ခဲစ ထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ဇော်သိန်း(ခ) မူဆာအာလီထံသို့ ငါး၊ ကွမ်းသီး၊ ကွမ်းရွက်များ လာရောက်ပို့ဆောင်ကာ ညအိပ်တည်းခိုနေသူ ဦးညိုသာတွင် ခဲစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါ လူ ၁၀ ဦးသည် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ လာရောက်ချိန်တွင် ထွက်ပြေးသွားသဖြင့် နယ်မြေရှင်းလင်းပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ကော့ကရိတ်-မြဝတီအာရှလမ်းတွင် ခြောက်ဘီးယာဉ်တစ်စီး တိမ်းမှောက်ကာ မီးလောင်

**ကော့ကရိတ် စက်တင်ဘာ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ကရိတ်-မြဝတီ အာရှလမ်းတွင် စက်တင်ဘာ ၂၉ ရက်က ဆီပီပါများ တင်ဆောင်မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်တစ်စီး လမ်းဘေးထိုးကျ တိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၂၉ ရက် ည ၉ နာရီခန့်က ကော့ကရိတ်မြို့နယ် အာရှလမ်းတွင် ယာဉ်တစ်စီးလမ်းဘေးထိုးကျတိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ကော့ကရိတ်မြို့မရဲစခန်းမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မြဝတီဘက်မှ ကော့ကရိတ်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်သည် လမ်းယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားသည့် နေရာသို့ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ အခင်းဖြစ်နေရာတွင် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့ တွေ့ရှိရခြင်းမရှိသော်လည်း အခင်းဖြစ်နေရာအနီး လမ်းမပေါ်တွင် ယာဉ်မောင်းလိုင်စင် တစ်ခုတွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး ကော့ကရိတ်မြို့မရဲစခန်းက အမှုရေးဖွင့်ကာ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

# မြောက်ဥက္ကလာပမြို့နယ် မေယု ၃ လမ်း၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၃၀**



မြောက်ဥက္ကလာပမြို့နယ်ရှိ မေယု ၃ လမ်း၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃၀ ရက် နံနက် ဝဝး၅ဝ မိနစ်ခန့်က မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် မေယု ၃ လမ်းရှိ ဦးဝင်းမောင် ပိုင်ဆိုင်သော နှစ်ထပ်အိမ်နောက်ဖေး မီးဖိုချောင်အတွင်း လျှပ်စစ်မီးဖိုဖြင့် ရေနွေးအိုးတည်ထားရာမှ မီးစတင်လောင်ခဲ့ခြင်း ဖြစ်သည်။

မီးလောင်မှုကြောင့် နှစ်ထပ်အိမ်တစ်လုံးနှင့် အတွင်းပစ္စည်းများ၊ ပျဉ်ကာ၊ ပျဉ်ခင်း အိမ်တစ်လုံး မီးလောင်ခံရကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ မြောက်ဥက္ကလာပမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် လေးစီး အခြားမြို့နယ်အသီးသီးမှ မီးငြိမ်းသတ်ယာဉ် ၁၃ စီး၊ အထောက်အကူပြုယာဉ် ခုနစ်စီး၊ ကွပ်ကဲမှုယာဉ် ငါးစီးတို့ဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၈၇ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၁ ဦးတို့က မီးငြိမ်းသတ်ခဲ့ကြရာ နံနက် ၁ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် အိမ်ပိုင်ရှင် ဦးဝင်းမောင်အား ဝေဘာဂီမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ပွင့်သစ္စာ**



အိုက်အွန်အား သိမ်းဆည်းရမိသည့် ကဖင်းများနှင့်အတူ တွေ့ရစဉ်။

# တာချီလိတ်မြို့နယ်တွင် ကဖင်းများ သိမ်းဆည်းရမိ

**ရန်ကုန် စက်တင်ဘာ ၃၀**

တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီက တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စု ဝမ်ယန်းကျေးရွာတွင် ကျိုင်းလပ်မြို့မှ တာလေမြို့သို့ အိုက်အွန် မောင်းနှင်လာသော ထော်လာဂျီယာဉ်ကိုရှာဖွေရာ ယာဉ်နောက်ခန်းအတွင်းမှ ဆာလာအိတ်များဖြင့်ထည့်လျက် ကဖင်းတစ်အိတ်လျှင် ကီလို ၅၀ ပါ အိတ် ၄၀ (စုစုပေါင်း ကဖင်း ကီလို ၂၀၀၀)ကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ကဖင်းများကို ကျိုင်းလပ်မြို့ နမ့်ခမ်းကျေးရွာအုပ်စု နမ့်ဆိုင်ကျေးရွာနေ အိုက်ကျွဲ့က ပို့ဆောင်စေခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အိုက်အွန်နှင့် အိုက်ကျွဲ့(ဖမ်းမမိသေး)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မော်လူးတွင် လမ်းပြင်ရန် မြေတူးရာမှ စစ်ကျန်သေနတ်ကျည်ဆန်များတွေ့ရှိ

**မော်လူး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် လမ်းပြုပြင်ရန်အတွက် တောင်ကုန်းမြေအား တူးဖော်ရာမှ စစ်လက်ကျန်သေနတ်ကျည်ဆန်များတွေ့ရှိသဖြင့် တာဝန်ရှိသူများထံ အပ်နှံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မော်လူးမြို့ မင်းသစ္စာရပ် ဟဲနုကျေးရွာနေ ဦးမောင်မောင်၏နေအိမ်အနောက်တောင်ကုန်းတွင် ရာအိမ်မှူးနှင့် ရွာသားများက လမ်းခင်းရန်အတွက် မြေကျင်းတူးရာမှ ဒုတိယကမ္ဘာစစ်လက်ကျန်ကျည်ဆန်များ တွေ့ရှိရသဖြင့် မော်လူးနယ်မြေရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။

ထို့ကြောင့် မော်လူးနယ်မြေရဲစခန်းမှူး ရဲအုပ်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ လာရောက်စစ်ဆေးခဲ့ရာ ရိုင်ဖယ်ကျည်ဆန် ၁၀၀၉ တောင့်၊ ခြောက်လုံးပြူးကျည်ဆန် ၂၅ တောင့်တို့ကို တွေ့ရှိရသဖြင့် စနစ်တကျ တူးဖော်သိမ်းဆည်းခဲ့ကြကြောင်း သိရသည်။ **နီတိုး**

# ဘားအံမြို့ ဇာသပြင်-ကျားကလေးလမ်းတွင် ယာဉ်တစ်စီး ချောင်းထဲထိုးကျကာ ယာဉ်မောင်းသေဆုံး

**ဘားအံ စက်တင်ဘာ ၃၀**



ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်- ကျားကလေးလမ်းတွင် စက်တင်ဘာ ၃၀ ရက် နံနက် ၃ နာရီက ခရားချောင်းကူး သစ်သားတံတားပဲ့ကျကာ ခြောက်ဘီးယာဉ်တစ်စီး ချောင်းအတွင်း ထိုးကျသွားပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျားကလေးမှ ဇာသပြင်သို့ သက်နိုင်ဦး မောင်းနှင်လာသော ခြောက်ဘီးယာဉ်သည် ဇာသပြင်-ကျားကလေး ကားလမ်းတွင် ခရားချောင်းကူးသစ်သား တံတားအား ဖြတ်သန်းစဉ် တံတား၏ ယာဘက်ခြမ်း ပဲ့ကျကာ ယာဉ်မှာ ချောင်းအတွင်းသို့ ပြုတ်ကျသွားခဲ့ပြီး ယာဉ်မောင်းမှာ ယာဉ်မောင်းထိုင်ခုံ နေရာ၌ပင် သေဆုံးခဲ့သည်။

အဆိုပါ သစ်သားတံတားမှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော သစ်သားတံတားဖြစ်ပြီး ခံနိုင်ရည်မရှိတော့သည့်အတွက် အဆိုပါသစ်သားတံတားဘေး၌ တံတားအထူးအဖွဲ့ ၁၄ က တာဝန်ယူ၍ ဩဂုတ် ၃၀ ရက်က စတင်တည်ဆောက်ခဲ့သည့် ဘေလီသံပေါင်တံတားမှာ ဆောက်လုပ်ပြီးစီးပြီဖြစ်သော်လည်း တံတားအတက်၊ အဆင်းနေရာအား ပြုပြင်ဆဲဖြစ်၍ ယာဉ်သွားလာမှု ခေတ္တပိတ်ထားခဲ့သည်။

ယာဉ်များ အမြန်သွားလာနိုင်ရေးအတွက် ဇာသပြင်နယ်မြေရဲစခန်းနှင့် ဂျိုင်းနယ်မြေရဲစခန်းမှူးတို့ ဦးစီးသော တပ်ဖွဲ့ဝင်များက လမ်းအား ခေတ္တပိတ်၍ ပြုပြင်ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၂၀တွင် ဘေလီသံပေါင်တံတား အတက်၊ အဆင်းနေရာတွင် ယာဉ်များပုံမှန် ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၅၆၄ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၆၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃ ဒသမ ၅၃၃ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Mitsubishi Canter ခြောက်ဘီးယာဉ်နှစ်စီးနှင့် Hino ခြောက်ဘီးယာဉ် တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်ခွဲသား ၃ ဒသမ ဝ၄၄ တန်၊ ကျွန်းခွဲသား သုည ဒသမ ၄၇၇၄ တန်နှင့် အဆိုပါပစ္စည်းများသယ်ဆောင်သည့်ယာဉ် သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၅၆၄ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၈-၂၀၁၉ ခုနှစ်ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၂၀၇၄၉၆. ၉၇၇ | | | ၁၇၁၈၇၈. ၆၁၀ | | ၁၂၄၆၈. ၅၄၁ | | | ၃၉၁၈၄၄. ၁၂၈ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၆၀၀၈၂၉. ၄၈၇ | | | ၃၄၈၉၀. ၇၈၄ | | | | | ၆၃၅၇၂၀. ၂၇၁ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၂၅၆၃၁၈. ၀၅၀ | | | ၁၃၈၇၆. ၂၁၄ | | | | | ၂၇၀၁၉၄. ၂၆၄ |
| | ပေါင်း | | ၁၀၆၄၆၄၄. ၅၁၄ | | | ၂၂၀၆၄၅. ၆၀၈ | | ၁၂၄၆၈. ၅၄၁ | | | ၁၂၉၇၇၅၈. ၆၆၃ |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၇. ၇၁၅ | | ၁၄၇၅. ၁၉၅ | | | | | | | | | ၁၄၈၂. ၉၁၀ |
| | ပေါင်း | | ၇. ၇၁၅ | | ၁၄၇၅. ၁၉၅ | | | | | | | | | ၁၄၈၂. ၉၁၀ |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၃၄၀. ၈၇၆ | | | | | | | | ၁၃၄၀. ၈၇၆ |
| | ပေါင်း | | ၁၃၄၀. ၈၇၆ | | | | | | | | ၁၃၄၀. ၈၇၆ |

## နေပြည်တော်ကောင်စီ

ဇယား(၁၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၆. ၀၀၃ | | ၃၅. ၀၀၀ | | | | | | | | | ၁၁၁. ၀၀၃ |
| | ပေါင်း | | ၇၆. ၀၀၃ | | ၃၅. ၀၀၀ | | | | | | | | | ၁၁၁. ၀၀၃ |

## နေပြည်တော်ကောင်စီ

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၄၉. ၇၇၀ | | ၈၀၀. ၀၀၀ | ၈၉၆၈၀. ၁၉၀ | | | | | ၉၁၀၂၉. ၉၆၀ |
| | ပေါင်း | | ၅၄၉. ၇၇၀ | | ၈၀၀. ၀၀၀ | ၈၉၆၈၀. ၁၉၀ | | | | | ၉၁၀၂၉. ၉၆၀ |

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေရရှိသည့် စုစုပေါင်းဝင်ငွေ၊
(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့် ချီးမြှင့်ငွေများ၊
(၄) ပြည်ပနေ နိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှ ဝင်ငွေ၊
(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊
(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊
(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည် -
(၁) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊
(၂) စတော့ရှယ်ယာဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် အများပိုင်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေအခန်း (၇) တွင်ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၈)**

**အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ**

၃၃။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကိုတည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -
(က) ယစ်မျိုးခွန်၊
(ခ) သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊
(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊
(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်/လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊
(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊
(စ) မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊
(ဆ) ခရီးလှည့်လည်ရေးလိုင်စင်/ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ/ပို့ဆောင်ရေးလိုင်စင်/ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊
(ဇ) အကောက်ခွန်၊
(ဈ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊
(ည) ရေခွန်၊
(ဋ) တာတမံခွန်၊
(ဌ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်သစ်တောခွန်၊
(ဍ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊
(ဎ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊
(ဏ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊
(တ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊
(ထ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊
(ဒ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊
(ဓ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။

၃၄။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည် -
(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေ ဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင် -
(၁) ဤဥပဒေ ပုဒ်မ ၁၁ ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။
(၂) ဤဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ)တို့အရ ပြည်ပမှတင်သွင်းခြင်း၊ ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်။
(၃) ပုဒ်မခွဲငယ်(၂)ပါပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့်ရောင်းရငွေ ပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။
(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန် ထမ်းဆောင်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်းဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-
(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များမူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊
(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့်အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန် ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကိုပြုလုပ်ပေးရမည်။
(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ(က) ပါလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။
(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ(ခ) ပါအသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ (၂၂)၊ ပုဒ်မခွဲ (ဂ) အရတပ်ရိုက်သည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့် အဖွဲ့အားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ။

၃၉။ (က) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။
(ခ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်း အားလုံးအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၄၀။ ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်နိုင်သည်။

၄၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အထူးကုန်စည်ခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင်ပါရှိသော နှစ်၊ ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသော နှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အပါအဝင် အခွန်ထမ်းများအားလုံးအတွက် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်စေရေး ဆောင်ရွက်ရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန်မူလလျာထားချက်

ဇယား(၁)
ကျပ်သန်းပေါင်း

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃၈၆၂၇၈၅. ၉၄၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁၀၈၄. ၂၇၅ |
| | ၂ | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂၁၂၂၈၃၈. ၅၄၇ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၇၀၀၀. ၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၄၂၇၈၁. ၆၁၂ |
| | ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၂၁၄၀၀. ၀၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၇၄၆၃၆. ၇၁၉ |
| | ၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | မုတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၇၂၀. ၀၀၀ |
| | ၈ | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေး လိုင်စင်/ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၈၆၅. ၄၇၅ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁၃၉၁၄၅၉. ၃၁၆ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၃၂၄၈၁၆. ၃၂၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂၃၂၄၈၁၆. ၃၂၀ |

**(ဆက်လက်ဖော်ပြပါမည်။)**

# သူ့ဘက်ကိုယ့်ဘက် ချိန်စက်ရှုမြင် ကုလတစ်ခွင်

ကိုရင်ဩ

နှစ်စဉ် စက်တင်ဘာလရောက်တိုင်း ကမ္ဘာ့ခေါင်းဆောင်များသည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်သို့ စုဝေးရောက်ရှိလာကြကာ မျက်မှောက်ကာလ ကျွန်ုပ်တို့၏ ကမ္ဘာကြီး ရင်ဆိုင်နေရသော ပြဿနာရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး လာမည့် တစ်နှစ်တာကာလအတွက် ကမ္ဘာကြီး လှုပ်ရှားဆောင်ရွက်သင့်သည့် အစီအစဉ်ကို ဖော်ဆောင်ကြလေ့ရှိသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ စင်မြင့်ပေါ်တွင် ဆွေးနွေးငြင်းခုံစရာ ကိစ္စရပ်များမှာ လွန်စွာမှပင် များပြားလှပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှု ထိန်းညှိရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ လူ့အခွင့်အရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ကျားနှင့်မ သာတူညီမျှမှုရှိရေးတို့ အပါအဝင် နိုင်ငံတကာ ရေးရာများကို ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်အသီးသီးက ပါဝင်ဆွေးနွေးခွင့်ရရှိကြသည်။



ဓာတ်ပုံ - ကုလသမဂ္ဂ

## တက်ရောက်

ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အထွေထွေ မူဝါဒရေးရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပထမနေ့အစီအစဉ်ကို စက်တင်ဘာ ၂၅ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၏ အထွေထွေ ညီလာခံခန်းမဆောင်ကြီး၌ ကျင်းပခဲ့ရာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ နိုင်ငံ့အကြီးအကဲ၊ အစိုးရအကြီးအကဲနှင့် ဝန်ကြီးအဆင့် ကိုယ်စားလှယ်အဖွဲ့များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အန်တိုနီယိုဂူတာရက်စ်နှင့် (၇၃) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိ မာရီယာဖာနန်ဒါအက်စ်ပင်နိုဆာဂါဆက်တို့ တက်ရောက်ခဲ့ကြသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အချက်အချာကျသော ဆွေးနွေးပွဲမှာ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲဖြစ်ပြီး နိုင်ငံတစ်နိုင်ငံချင်းစီမှ ကိုယ်စားလှယ်တစ်ဦးစီက ပါဝင်ဆွေးနွေးခွင့်ရှိသည်။

ယခုနှစ် အထွေထွေ မူဝါဒရေးရာ ဆွေးနွေးပွဲ၏ ဦးတည်ချက်ဆောင်ပုဒ်မှာ "လူတိုင်းနှင့် သက်ဆိုင်မှုရှိသော ကုလသမဂ္ဂအဖြစ် ရပ်တည်ရေး၊ ငြိမ်းချမ်းသော၊ အားလုံးတန်းတူညီမျှမှုရှိသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းများဖြစ်ပေါ်ရေးအတွက် ကမ္ဘာ့ဦးဆောင်မှုနှင့် မျှဝေတာဝန်ယူမှု" ဟူ၍ ဖြစ်သည်။

အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲကို အောက်တိုဘာလ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အစိုးရအဖွဲ့များက အလေးအနက်ပြုကြရသည့် ကိစ္စရပ်များနှင့် ပြဿနာရပ်များနှင့် ပတ်သက်၍ အကြိတ်အနယ် ဆွေးနွေးကြလေ့ရှိသည်။

ကမ္ဘာ့အခြေအနေနှင့် ပတ်သက်၍ ဂရုစိုက်ပြုကြရမည့် အချက်များကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ထောက်ပြပြောဆိုခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ အယုံအကြည်ပျက်ပြားနေမှုကို ဂူတာရက်စ်က အလေးအနက်ပြုပြောကြားခဲ့ပြီး တစ်ကိုယ်တော်ဝါဒကို ဆန့်ကျင်ကြရန်လည်းကောင်း၊ ကုလသမဂ္ဂ၏ အခြေခံအုတ်မြစ်ဖြစ်သော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးကြရန်လည်းကောင်း သူက တိုက်တွန်းခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်း ပဋိပက္ခအတွက် ဖြေရှင်းချက်အဖြစ် နှစ်နိုင်ငံယှဉ်တွဲနေထိုင်ရေး အယူအဆမှာ 'ကြာလေဝေးလေ' ဖြစ်လာနေကြောင်း၊ အဏုမြူခြိမ်းခြောက်မှုကလည်း လျော့ပါးသွားခြင်းမရှိကြောင်း ဂူတာရက်စ်က သတိပေးသည်။

ရာသီဥတုပြောင်းလဲမှုပြဿနာကို သူက တပ်လှန့်ခဲ့ပြီး ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းညှိနိုင်ရေးအတွက် ယခုပင်လျှင် ကြိုးပမ်းကြရန် အချိန်တန်ပြီဟု တိုက်တွန်းခဲ့သည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်ကို ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်း အကောင်အထည်ဖော်ရန်လည်း ဂူတာရက်စ်က အလေးအနက်ပြု ပြောကြားခဲ့သည်။ ဂူတာရက်စ်သည် လာမည့်နှစ်နွေရာသီတွင် ရာသီဥတုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် စီစဉ်ထားသည်။

ပေါ်ပြူလစ် (ဝါ) ဒီမိုကရက်တစ် အခြေခံမှုများဘက်မှ အားပေးထောက်ခံသူ ကမ္ဘာ့ခေါင်းဆောင်များအဖြစ် သိရှိကြသော အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၊ ပိုလန်သမ္မတ အင်ဒရေဒူးဒါ၊ အီတလီဝန်ကြီးချုပ် ဂူဆက်ပေကွန်တဲတို့နှင့်အတူ ဟန်ဂေရီနှင့် ဩစတြီးယား နိုင်ငံခြားရေးဝန်ကြီးများက အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

ကုလသမဂ္ဂ "ငြိမ်းချမ်းရေး ထိပ်သီးညီလာခံ" ကို စက်တင်ဘာ ၂၄ ရက်က ကျင်းပခဲ့ရာတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ မိန့်ခွန်းပြောကြားခဲ့သည်။ တောင်အာဖရိက၏ လူမျိုးအသားအရောင်ခွဲခြားမှု တိုက်ဖျက်ရေး လှုပ်ရှားသူ နယ်လ်ဆင်မင်ဒဲလား၏ ရာပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေး ထိပ်သီးညီလာခံကို ကျင်းပခြင်းဖြစ်သည်။

## သတိပေး

တစ်ကိုယ်တော်ဝါဒနှင့် ကိုယ်ကျိုးစီးပွားကာကွယ်ရေး ဝါဒတို့ ခေါင်းထောင်လာနေပုံကို ဝန်ကြီး ဝမ်ယီက သတိပေးပြောကြားခဲ့သည်။ ဝန်ကြီး ဝမ်ယီ၏ တရုတ်နိုင်ငံနှင့် သမ္မတ ဒေါ်နယ်ထရန့်၏ အမေရိကန်ပြည်ထောင်စုတို့အကြား ကုန်သွယ်ရေးအရ စစ်ခင်းနေဆဲကာလအတွင်း ယင်းသို့ သတိပေးခြင်းဖြစ်သည်။

ခုနစ်နှစ် ကြာမြင့်ခဲ့ပြီဖြစ်သော ဆီးရီးယားပဋိပက္ခနှင့် သုံးနှစ်ကြာမြင့်ခဲ့ပြီဖြစ်သော ယီမင်ပြည်တွင်းစစ်တို့သည် ကမ္ဘာ့အဆိုးရွားဆုံး လူသားဘေးဒုက္ခအဖြစ် သတ်မှတ်နိုင်ပြီး လစ်ဗျား၊ တောင်ဆူဒန်၊ ဗဟိုအာဖရိက သမ္မတနိုင်ငံ၊ မာလီနှင့် ကွန်ဂိုနိုင်ငံတို့အပါအဝင် အာဖရိကတိုက်ရှိ ဆီပူအိုးနေရာများနှင့်အတူ ဆီးရီးယားနှင့် ယီမင်နိုင်ငံ၌ အငတ်ဘေးကြီးဆိုက်လာနိုင်သည်ဟု ဆိုသည်။

အဏုမြူနှင့် ဒုံးပျံအစီအစဉ်များအပေါ် အကြောင်းပြု၍ အမေရိကန်၏ စွပ်စွဲမှုများခံနေရသော အီရန်သမ္မတ ဟာဆန်ရူဟာနီက ယင်းစွပ်စွဲမှုများကို ကုလသမဂ္ဂ စင်မြင့်ပေါ်တွင် အတိအလင်း ငြင်းဆိုသွားခဲ့သည်။ သူ၏ နိုင်ငံသည် နိုင်ငံတကာ အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်မှုမရှိဟုလည်း ဆိုသည်။

စက်တင်ဘာလအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌနေရာကို ရယူသော အမေရိကန်ပြည်ထောင်စုသည် လုံခြုံရေးကောင်စီ အစည်းအဝေးနှစ်ရပ်ကို ကျင်းပပေးခဲ့သည်။ စက်တင်ဘာ ၂၆ ရက်က ပြုလုပ်သော အစည်းအဝေးတွင် သမ္မတထရန့်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ကနဦးတွင် အီရန်အရေးကို အဓိကဆွေးနွေးကြရန် ရည်မှန်းခဲ့သော်လည်း ဆွေးနွေးမည့်အကြောင်းရပ်ကို အဏုမြူ၊ ဓာတုနှင့် ဇီဝလက်နက်များ မပြန့်ပွားရေးအထိ တိုးချဲ့ခဲ့သည်။

စက်တင်ဘာ ၂၇ ရက်က ပြုလုပ်သော ဒုတိယအစည်းအဝေးတွင်မူ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပေယိုက သဘာပတိအဖြစ် ဆောင်ရွက်ကာ မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

မြောက်ကိုရီးယား အဏုမြူအစီအစဉ်နှင့် ပတ်သက်၍ ထိန်းချုပ်နိုင်ရန် ယင်းနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု တိုးမြှင့်ပြုလုပ်ရေးဘက်မှ ထောက်ခံဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ကင်းရှင်းရေးဇုန် ထူထောင်ရေးကိစ္စက သာလွန်အရေးကြီးလာချိန်တွင် အရေးယူပိတ်ဆို့မှု၏ ဘေးထွက်ဆိုးကျိုးများကိုလည်း ချိန်ဆရန်ရှိလာပေသည်။

သမ္မတထရန့်သည် ကုလသမဂ္ဂစင်မြင့်ပေါ်တွင် စက်တင်ဘာ ၂၅ ရက်က မိန့်ခွန်းခြွေခဲ့ရာတွင် သူ၏လက်ထက် အမေရိကန်အစိုးရအဖွဲ့၏ အောင်မြင်မှုများကို ကြွားလုံးထုတ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၏ အချုပ်အခြာအာဏာ ထိပါးမခံရရေး၊ မျိုးချစ်စိတ်ဓာတ်ရှိရေးတို့ကို ဝိတ္ထာရချဲ့ပြောဆိုခဲ့ကာ ကမ္ဘာနှင့်ချီဆောင်ရွက်ရေးဝါဒကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (အိုင်စီစီ) သည် တရားဥပဒေနှင့်အညီ တရားဝင်စီရင်ပိုင်ခွင့်မရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး တရားစီရင်မှု၏ အခြေခံမူများအားလုံးကို ချိုးဖောက်လျက်ရှိသည်ဟု သမ္မတထရန့်က ဝေဖန်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ စိုးရိမ်ပူပန်မှုအပေါ် အခြေခံ၍ အလေးအနက်ပြုပြောဆိုရမည်ဆိုရလျှင် အိုင်စီစီသည် တရားဥပဒေနှင့်အညီ တရားဝင်စီရင်ပိုင်ခွင့် မရှိ၊ ဥပဒေအရ အဆုံးအဖြတ်ပေးပိုင်ခွင့်မရှိ၊ အခွင့်အာဏာမရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ကမ္ဘာ့တရားရုံးဖြစ်သော အိုင်စီစီနှင့် ပတ်သက်၍ ဝေဖန်ပြောကြားသည်။

အိုင်စီစီသည် ကမ္ဘာ့နိုင်ငံတိုင်းရှိ နိုင်ငံသားတိုင်းအပေါ် တရားဥပဒေအရ စီရင်ဆုံးဖြတ်ခွင့်ရှိသည်ဟုဆိုခြင်းမှာ တရားစီရင်မှု၊ သမာသမတ်ရှိမှုနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာမခံထားသော အခွင့်အရေးများအပေါ် အခြေခံသည့် တရားစီရင်မှုတို့၏ အခြေခံမူများအားလုံးကို ချိုးဖောက်ရာရောက်ကြောင်း၊ မိမိတို့သည် ရွေးကောက်တင်မြှောက်ထားခြင်းမရှိသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော ကမ္ဘာ့ဗျူရိုကရေစီယန္တရားဖြစ်သည့် အိုင်စီစီအား အမေရိကန်ပြည်ထောင်စု၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုအတွက် မည်သည့်အခါတွင်မျှ အညံ့ခံမည်မဟုတ်ကြောင်း သမ္မတထရန့်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတကာရာဇဝတ်မှုခုံရုံးအား ထောက်ခံအားပေးမည်မဟုတ်သည့်အပြင် အသိအမှတ်ပြုမည်လည်း မဟုတ်ကြောင်း သမ္မတထရန့်က ဆိုသည်။

အစ္စလာမ့်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ ကျဆုံးလာနေပုံ၊ ဆီးရီးယား ပြည်တွင်းစစ်နှင့် ပတ်သက်၍ အမေရိကန်၏ ရပ်တည်ချက်၊ အီရန် အဏုမြူ အစီအစဉ်အား ထိန်းချုပ်ရန် ရည်ရွယ်သော သဘောတူညီချက်မှ အမေရိကန် နုတ်ထွက်ခဲ့ရသည့် အခြေအနေ၊ ရေနံသူဌေးနိုင်ငံ ဗင်နီဇွဲလား၏ ဆိုရှယ်လစ်စနစ် ဒေဝါလီခံလိုက်ရသည် ဆိုခြင်း၊ အိုပက်အဖွဲ့က ရေနံဈေးနှုန်း မြှင့်တင်နေမှု၊ ဥပဒေမဲ့ ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှု ထိန်းချုပ်ရေး၊ ကုန်သွယ်ရေးအရ မမျှမတမှုကို ဖန်တီးနေသည်ဟု ဆိုသော နိုင်ငံတကာ သဘောတူညီချက်များ၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် အမေရိကန်ဘက်မှ လိုငွေပြနေမှု၊ အမေရိကန်ကို ထိပါးနှောင့်ယှက်လာသည်ဟုဆိုသော ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ စသည့် အကြောင်းခြင်းရာများနှင့် ပတ်သက်၍လည်း သမ္မတထရန့်၏ မိန့်ခွန်းတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။

## မဟာမိတ်ပြု

ကုလသမဂ္ဂတွင် မိန့်ခွန်းပြောကြားသူ ခေါင်းဆောင် အတော်များများက ကမ္ဘာ့နိုင်ငံများ မဟာမိတ်ပြု လှုပ်ရှားရေး အယူဝါဒဘက်မှ တိုက်တွန်းပြောကြားခဲ့ကြသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ရည်မှန်းချက်ဖြင့် ဖွဲ့စည်းခဲ့သော ကုလသမဂ္ဂ၏ ပုံရိပ်ကို ရှုမြင်မိရင်း "သူ့ဘက် ကိုယ့်ဘက် ချိန်စက်ရှုမြင် ကုလတစ်ခွင်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။

Ref:
UN General Assembly's
annual debate
(News Sources)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် မျိုးကွဲနုတ်ပယ်နည်းပညာပေးခြင်းနှင့် လက်တွေ့ပြသပွဲ တက်ရောက်

**ဘားအံ စက်တင်ဘာ ၃၀**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် တဝန်ဖန်ရကျေးရွာတွင် ပြုလုပ်သည့် မျိုးစပါးမျိုးစေ့ထုတ်စိုက်ကွက်တွင် မျိုးကွဲနုတ်ပယ်နည်းပညာပေးခြင်းနှင့် လက်တွေ့ပြသခြင်းသို့ တက်ရောက်အားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးစပါးစိုက်ခင်းများ မျိုးကွဲနုတ်ပယ်ခြင်းနှင့် အထွက်နှုန်းတိုးတက်စေရေးအတွက် ရွက်ဖျန်းမြေဩဇာအသုံးပြုခြင်းနည်းစနစ် သရုပ်သပြခြင်းကို ကြည့်ရှုအားပေးပြီး မျိုးစေ့ပညာရှင် ဒေါ်စမ်းစမ်းမြင့်နှင့် ဒေါ်အေးအေးတို့က တောင်သူများ မျိုးကောင်းမျိုးသန့် ပွားများနိုင်ရေးအတွက် မျိုးစေ့ထုတ်စိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းများပြုလုပ်၍ လက်တွေ့မျိုးစေ့ထုတ်ခြင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများ အထွက်နှုန်းတိုး၍ ဈေးကောင်းရရှိရေးမှာ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးသည် အရေးကြီးကြောင်း၊ ပြည်နယ်အတွင်း မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှုနှင့် ရောင်းချနိုင်သော ဈေးကွက်ပေါ်ပေါက်ရေးအတွက် တောင်သူများ၊ ဝန်ထမ်းများ၊ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း ဇူလိုင်နှင့် ဩဂုတ်လများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း မိုးအစေ့ထုတ်ပြောင်းဧက ၁၅၂၀၊ မိုးဖူးစားပြောင်း ၁၄၁ ဧက၊ မိုးမြေပဲ ၈၅၁ ဧက၊ မိုးနှမ်းဧက ၆၀၀၊ မိုးစပါးဧက ၉၇၈၂၅ ဧကတို့ကို စိုက်ပျိုးထားရှိပြီး ဇူလိုင်နှင့် ဩဂုတ်လများတွင် ရေကြီးရေလျှံမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် ထိခိုက်ပျက်စီးမှု အချို့ရှိခဲ့သော်လည်း ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရမှ မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အတွက် သီးနှံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်မြို့တွင် လူထုစက်ဘီးစီးပွဲ လူ ၅၅၀ ကျော် ပါဝင်ဆင်နွှဲ

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ စက်ဘီးစီးအားကစား ဝါသနာရှင် ၅၅၀ ကျော် ပါဝင်လှုပ်ရှားသော ရန်ကုန်တိုင်းဒေသကြီး လူထုစက်ဘီးစီးလှုပ်ရှားမှုကို စက်တင်ဘာ ၃၀ ရက် နံနက် ၆ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် နံ့သာကုန်းပန်းခြံအနီးတွင် တာထွက်သည်။



တိုင်းဒေသကြီး စက်ဘီးစီးဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကြီးက "ဒီလို လူထုစက်ဘီးစီးပွဲတွေ ကျင်းပခြင်းအားဖြင့် ကျန်းမာရေးဘက်မှာလည်း အထောက်အကူပြုစေတယ်။ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု လောင်စာဆီနည်းသွားတဲ့အပြင် စက်ဘီးစီးအားကစားကို လူစိတ်ဝင်စားလာတယ်"ဟု ပြောသည်။

လှုပ်ရှားမှုတွင် အင်းစိန် နံ့သာကုန်းပန်းခြံမှစတင် တာထွက်ကာ လမ်းသစ်လမ်း-မင်းကြီးလမ်း-အောက်မင်္ဂလာဒုံလမ်း-ခရေပင်လမ်းခွဲ- ပြည်လမ်းအတိုင်း အင်းစိန် နံ့သာကုန်းပန်းခြံသို့ တာဝင်ကြောင်း သိရသည်။ ထိုလှုပ်ရှားမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူးများ၊ တိုင်းဒေသကြီး စက်ဘီးစီးဆပ်ကော်မတီတို့ပူးပေါင်းကာ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုလူထုစက်ဘီးစီးပွဲတွင် စက်ဘီးစီးအားကစားဝါသနာပါသူ တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအပြင် အခြားမြို့နယ်အသီးသီးမှ ဝါသနာရှင် စုစုပေါင်း ၅၅၀ ခန့် ဝင်ရောက်ပါဝင်ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဘိုကလေးတွင် ပြည်သူ့စကားဝိုင်းကျင်းပ

**ဘိုကလေး**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မရမ်းကျေးရွာ မရမ်းဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပသည်။

အလင်းတန်းအဖွဲ့မှ ဥက္ကဋ္ဌ ဦးအုန်းကြွယ်က အစိုးရဌာနဆိုင်ရာများ၏ အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများအကြောင်းဆွေးနွေးတင်ပြပြီး ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှနွယ်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် ကျေးလက်နေပြည်သူများက မိမိတို့သိရှိလိုသည်များကိုမေးမြန်းကြရာ သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီးလွှတ်တော်ဒု-ဥက္ကဋ္ဌ ဦးစံမင်းအောင်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**ဘိုကလေး(ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၃၀**

ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူးဦးစီး၍ တပ်ဖွဲ့ဝင်အင်အား ၅၀ ဖြင့် စက်တင်ဘာ ၂၉ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပါဒကြီး စံပြကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်နှင့် ဘုန်းတော်ကြီးကျောင်း၊ သိမ်တော်ကြီး ပတ်ဝန်းကျင်ရှိ ချုံနွယ်၊ မြက်ပင်၊ အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

Konica ရွှေရာစု
Wedding Dress
Photo Studio



စိုင်းစိုင်းခမ်းလှိုင်

မင်္ဂလာ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
ဘွဲ့ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
* အမှတ် (၇၀)၊ လမ်းမတော် လှည်းတန်းလမ်း၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၅၀၈၄
* အမှတ် (၃၆)၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်။ ဖုန်း-၅၂၅၃၀၄

တန်ဆာလာ မြန်မာ 09 42666 9001~9002~9003
+ ငပလီ၊ ကမ်းသာယာ၊ သံတွဲ — Hotel Package- 100000
+ မြဝတီ၊ ဖဲဆောက်၊ ဘားအံ — Hotel Package- 100000
+ ပုဂံ၊ (ရွှေစည်းခုံ)ပုပ္ပါး ပေါပ္ပါး — Hotel - 75000, 100000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ — G-75000, H-100000
+ မန္တလေး၊ ပိုးကုတ်၊ ပြင်ဦးလွင်၊ ကျောက်စိမ်း — H-100000
+ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ရနောင်း — Hotel-350000

Lin 09 400233301, 09 400233302
> တောင်ကြီး-အင်းလေး-ပင်းတယ-ကျိုက်ထီးရိုး (OCT/20-22) 65000/-
> ထားဝယ်... (OCT/22) 75000/-
> ပုဂံ၊ ပုပ္ပါး-ပေါပ္ပါး-မန္တလေး-စစ်ကိုင်း-ပြင်ဦးလွင် (OCT/22) 70000/-
> ... (OCT/13) 18000/-

အဆင့်မြင့် ပဋ္ဌာန်းသဘောတရားများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိတ်ဓာတ် ဖွံ့ဖြိုးရေးနှင့် ဘာသာရေး ကဏ္ဍတို့တွင် လက်တွေ့အသုံးချနိုင်စေရန် ဦးတည် ရေးသားထားသော -
အကြောင်းတရားတို့၏ အစွမ်းသတ္တိများ
ဒေါက်တာအေးကျော်★
ဖုန်း - ၀၉ ၅၁၃၇၅၂၆။ (အခမဲ့အိမ်ပို့စနစ်) ၀၉ ၄၀၁၄၁၃၇၅၈
စတုတ္ထအကြိမ် အထူးတည်းဖြတ် မွမ်းမံမှု

အောင်သင်း ကျော်
Since 1985
အောင်တယ်၊ လာခဲ့
ပြည်တွင်းအနှံ့ကျောင်း တရား/အကျ...
Ph: 09 421042332, 01-391533

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်

၂၀၁၈ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈၀

| | | |
|---|---|---|
| ဒေါ်ရန်ယုံလီ | နှင့် | ၁။ ဒေါ်သင်းသင်းမြင့် |
| | | ၂။ ဒေါ်နီလာအေး |
| | | ၃။ ဦးထွန်းနိုင် |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ်-၄၉၇/၄၉၈(ပထမထပ်)ခေါင်းရင်းခန်းနေ ဒေါ်နီလာအေးနှင့် ဦးထွန်းနိုင် (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူက ဤရုံးသို့တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၉ရက် (၁၃၈၀ ခုနှစ် သီတင်းကျွတ်လဆန်း၁၀ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးတော်ရှေ့လာရောက်ရမည်။ မလာမရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကြည်မင်းစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အမည်ပြောင်း

အထက-၁ မ/ဥက္ကလာ ဒသမတန်း(H)မှ မစောနန္ဒာအောင်အား မမေသီရိလွင်ဟု ပြောင်းလဲခေါ်ပါရန်။

**မမေသီရိလွင်**

## သွေးသည် အသက်

## စာရင်းသင်တန်းများဖွင့်လှစ်မည်

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းတွင် (၂၇၆)ကြိမ် စာရင်းရေးပညာသင်တန်းနှင့် (၂၂)ကြိမ် စာရင်းစစ်ပညာသင်တန်းကို ၂၈-၁၀-၂၀၁၈ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အောက်ပါလိပ်စာသို့ စာရင်းသွင်း တက်ရောက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လိပ်စာ-အမှတ်-၉၁/၉၃၊ (၄၉)လမ်း(အလယ်)**
**ပုဇွန်တောင်မြို့နယ်။**
**ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၉၆၆၈၅၇၁၁၀**

## တောမှ မြေသားရေတိုက်စား၏

## မြို့ထဲမြေညီအခန်း အမြန်ရောင်းမည်

(တိုက်သစ်)ပေ(၁၂. ၅×၄၀)မြေညီထပ်ခိုး၃ပုံ၂ပုံပါ
အဆင့်မြင့်ပြင်ဆင်ထားသော ရုံးခန်းရောင်းမည်။
လမ်း(၄၀)အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ (၁၇၅၀)သိန်း
**ဖုန်း-၀၉-၇၉-၁၁၁-၇၉၇၉**
**(ကြော်ငြာမလိုပါ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရွှေလင်ဗန်း(၂၃)၊ မြေကွက်အမှတ်(၁၁၇၈)ဟုခေါ်တွင်သည့် အကျယ်အဝန်း အလျား ပေ၄၀× အနံ ပေ၆၀ရှိ ဦးအောင်ဇေယျ[၁၂/အလန(နိုင်)၀၂၀၀၉၉] အမည်ပေါက် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သော ဦးအောင်ထွန်း [၁၂/လသယ (နိုင်)၀၀၀၉၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဆန်းထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၉၁၀၃/၁၀-၁၂-၂၀၀၈)**
**ရုံးခန်းအမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်(တရားရုံးအနီး)**
**ဖုန်း-၀၉-၅၀၈၄၁၁၃၉၊ ၀၉-၄၂၀၀၂၆၄၆၅**


Data
CarryPlus
MPT
ရွှေ့သို့ လှမ်းချီမြန်မာပြည်
LINE
1GB
၉၉၉ ကျပ်
*777#
2GB ၁၉၉၉ ကျပ်
4GB ၃၉၉၉ ကျပ်
သက်တမ်းကုန်ပြီး (၇) ရက်အတွင်း နောက်ထပ် Data Carry Plus Package
ဝယ်ယူပါက လက်ကျန် data များကို ဆက်လက်အသုံးပြုနိုင်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
CALL CENTER 106
call free
24 hours everyday

# နိုင်ငံတကာ အသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကို အခြေခံသည့် မူကြိုပညာရေး

EMOTIONAL Development (EQ)
INTELLECTUAL Development (IQ)
MORAL Development
PHYSICAL Development
SOCIAL Development



nurture preschool
We nurture tomorrow leaders!

သာကေတကျောင်းခွဲ ဖွင့်ပြီနော်
လမ်းမတော် (၅) လမ်းကျောင်းခွဲ
နိုဝင်ဘာ(၁) ရက်နေ့ဖွင့်မယ်နော်
www.nurturepreschoolmm.com

အသက် (၂) နှစ်မှ (၅) နှစ် ကလေးငယ်များ
လစဉ် ကျောင်းအပ်လက်ခံနေပါပြီ

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ | သာကေတ | လမ်းမတော် |
|---|---|---|---|---|---|---|
| 09262963774 | 09254148005 | 01-549590 | 09259822226 | 01-8011315 | 09425888846 | 01-225341 |
| 09262963775 | 09450694035 | 09254148006 | 09259822227 | 09259822220 | 09425888847 | 09426888977 |

စီမံခန့်ခွဲမှုပညာဖြင့် ဖွံ့ဖြိုးတိုးတက်အောင်မြင်လိုသူတိုင်းအတွက် ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားမည်

# လူငယ်မန်နေဂျာသင်တန်း Young Manager Training

YOUNG MANAGER

★ အခြေခံစီးပွားရေးစီမံခန့်ခွဲမှု ★ ခေတ်သစ်ဈေးကွက်ရှာဖွေမှုပုံ ★ ဝန်ထမ်းများကို စီမံခန့်ခွဲခြင်း ★ Business Model
★ ခေါင်းဆောင်မှုပညာ(Leadership) ★ စကားပြောဆိုမှုပညာ ★ Problem Solving Skill ★ How to get idea?

စသည်တို့၏ အနှစ်သာရသဘောတရားများကို တစ်ရက်တာအတွင်း ထိရောက်စွာ ဆွေးနွေးသင်ကြားပေးသွားပါမည်။

နေ့ရက် - ၇-၁၀-၂၀၁၈ (တနင်္ဂနွေနေ့)
အချိန် - နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ
နေရာ - တော်ဝင်ဂါးဒင်းဟိုတယ်၊ (၈)လွှာ၊ တော်ဝင်စင်တာအပေါ်ထပ်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

သင်တန်းကြေး - (၁) သိန်းကျပ်

(သင်တန်းဆင်းလက်မှတ်၊ ဆရာလင်းသိုက်ညွန့်၏ စာအုပ်လက်ဆောင် Activity ဆုများ၊ နေ့လယ်စာ၊ကော်ဖီနှင့် မုန့်တစ်ကြိမ်အပါအဝင်)



ဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)
(Doctor of Business Administration, Candidate)
CEO (Myanmar's Land Institute)
Academic Advisor (London Business Academy)

Enroll Now ! Early Bird Discount %
စီးပွားရေးလုပ်ငန်းရှင်ကြီးများမှလည်း Guest Speaker အဖြစ် ပါဝင်ဆွေးနွေးပါမည်။
Contact : 01 503172, 09 259290274, 09 43121060, 09 5010014

လိပ်ယိုမက်အရေပြားရောဂါ တိုင်းရင်းဆေးတိုက်မှ
ခရသင်းသေမင်ဖြူ
ဆင်း၊ ဝပ္ပူး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
နယ်မှ ဝေးနေသော ရှင်များ စာတိုက်မှ တဆင့်မှာ ယူနိုင်ပါသည်။
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၇၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၃

## အမြန်ဝယ်လို/ငှားလိုပါသည်။

မြို့တွင်း(၆)မြို့နယ်နှင့် မြို့နယ်စုံရှိ မြေ၊ လုံးချင်း၊ ကွန်ဒို၊ တိုက်ခန်းများ အမြန်ဝယ်လို/ငှားလိုပါသည်။

MP အိမ်ခြံမြေအကျိုးဆောင်
Ph:09-952111337၊ 09-952111338

# စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

# BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663


## တန့်တွတ်နိုင်ကြောင်းကြော်ငြာ

[illegible]

## အများသိရှိစေရန် သတိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေယင်းမာလမ်း၊ အမှတ်(၃၄၁) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ(၃) ထပ်(အာစီ)တိုက်နှင့်ပတ်သက်၍ အခန်းပိုင်ရှင်များဖြစ်သော ဦးလှဝင်း၊ ဒေါ်အေးအေးနွယ်၊ ဒေါ်ကြည်ကြည်စိုးနှင့် ဒေါ်မြင့်မြင့်သန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ အထက်အပိုဒ်(၁)ပါ နေရပ်လိပ်စာရှိ တိုက်ခန်းများတွင်
- (က) ၃ထပ်တိုက် ၃ခန်းတွဲ ခေါင်းရင်းခြမ်းမြေညီထပ်တွင် ဦးလှဝင်း [၁၂/ရကန(နိုင်)၀၄၈၁၈၇]က လည်းကောင်း
- (ခ) ခေါင်းရင်းခြမ်း ပထမထပ်တွင် ဒေါ်အေးအေးနွယ်[၁၂/ရကန(နိုင်) ၀၄၇၂၀၈]က လည်းကောင်း
- (ဂ) ခေါင်းရင်းခြမ်း ဒုတိယထပ်တွင် ဒေါ်ကြည်ကြည်စိုး [S/OKA 054515]က လည်းကောင်း
- (ဃ) အလယ်ခန်း ဒုတိယထပ်တွင် ဒေါ်မြင့်မြင့်သန်း[၁၂/ရကန(နိုင်) ၀၄၅၈၂၆]က လည်းကောင်း

အသီးသီးပိုင်ဆိုင်နေထိုင်ကြပါသည်။

၃။ အထက်အပိုဒ်(၂)ပါ အခန်းများနှင့်ပတ်သက်၍ အထက်အမည်ပါ အခန်းပိုင်ရှင်များ၏ တရားဝင်ခွင့်ပြုချက်ရယူခြင်းမရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်းအပါအဝင် မည်သည့်လွှဲပြောင်းမှုကိုမျှ မပြုမလုပ်ကြရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

၄။ အထက်အပိုဒ်(၃)ပါ သတိပေးတားမြစ်ချက်ကို မလိုက်နာဘဲ ဖောက်ဖျက်ဆောင်ရွက်သော ပြုလုပ်မှုမှန်သမျှတို့သည် အခန်းပိုင်ရှင်များနှင့် သက်ဆိုင်မှုမရှိကြောင်း ပြုလုပ်သူများ တာဝန်သာဖြစ်ကြောင်းနှင့် လိုအပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

**အထက်အပိုဒ်(၁)ပါသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြဇော်(ညောင်တုန်း)** | **ဒေါ်တင်ချိုလတ်(အောင်လံ)** |
| **LL.B.,D.B.L.,D.I.L.,D.M.L** | **(LL.B)ဥပဒေဘွဲ့ရ** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၈၇)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၂၃၂)** |

**အမှတ်-၃၇၊ ပထမထပ်(ယာ)၊ လမ်း-၃၀(အောက်)၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၁၃၂၀**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းကြည်

**အထွေထွေမန်နေဂျာ(ငြိမ်း) MICB**
**မန်နေဂျင်းဒါရိုက်တာ(ငြိမ်း) မြဝတီဘဏ်လီမိတက်**

**အသက်(၈၆)နှစ်**

ဝါးခယ်မမြို့နေ (ဦးပု-ဒေါ်သိန်း)တို့၏သား၊ (ဦးအောင်သန်း-ဒေါ်တင်)တို့၏မောင်၊ ဒေါက်တာဦးထွန်းရီ(မျက်စိအထူးကု၊ စင်ကာပူ)-(ဒေါ်လှနွယ်)၊ ဦးမျိုးနိုင်-ဒေါ်ခင်မြင့်ကြည်(စင်ကာပူ)၊ ဒေါ်ခင်မြင့်ရည် (မြန်မာစာအဖွဲ့၊ ငြိမ်း)တို့၏ချစ်လှစွာသော အစ်ကိုကြီး၊ အမှတ် (၁၁/က)၊ သစ္စာဥယျာဉ်လုံးချင်းအိမ်ရာ၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ [ဒေါ်တင်ဦး (အထက-၁၊ ကမာရွတ်၊ ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၉-၂၀၁၈ရက် နံနက် ၁း၄၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးထွန်းကြည်

**အထွေထွေမန်နေဂျာ(ငြိမ်း) MICB**
**မန်နေဂျင်းဒါရိုက်တာ(ငြိမ်း) မြဝတီဘဏ်လီမိတက်**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်လုံးချင်းအိမ်ရာနေ (ဒေါ်တင်ဦး)၏ ခင်ပွန်းဖြစ်သူ ဦးထွန်းကြည်သည် ၃၀-၉-၂၀၁၈ရက် နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းအောင် မန်နေဂျာ(ငြိမ်း) မြဝတီဘဏ်လီမိတက်**
**ဇနီး ဒေါ်လှရှိန် မိသားစု**

## ကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဆရာကြီး ဦးသိန်းဟန်(ခ)ဦးမြခင်**

**အသက်(၁၀၂)နှစ်**

၂၂-၉-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားသော ဆရာကြီး ဦးသိန်းဟန်(ခ)ဦးမြခင်၏ ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော သီရိဇေယျာကျောင်းဆရာတော် ဦးသောဘဏနှင့် ရန်အောင်မာန်အောင်ကျောင်းတိုက်အတွင်းရှိ ဆရာတော်ကြီးများ၊ ၈၈ ငြိမ်းပွင့်မှ ရဲဘော်ရဲဘက်များ၊ နာရေးကူညီမှုအသင်း (ရန်ကုန်)နှင့် (စ)ရပ်ကွက် မေတ္တာရှင်နာရေးကူညီမှုအသင်း၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူဟောင်းများ၊ သက်နီး အစရှိသော လှူဖွယ်ဝတ္ထုလှူဒါန်းပေးကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ပန်းချီဆရာ ဦးအောင်မြင့်သိန်း (မြင်းခြံမြို့)သည် ၃၀-၉-၂၀၁၈ ရက် နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**မြင်းခြံမြို့ပန်းချီအစည်းအရုံး မိတ်ဆွေများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးဝင်း

**အသက်(၈၁)နှစ်**

**ကန်တော်ကလေး**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ် (၃၄)နေ ချစ်လှစွာသောကျေးဇူးရှင် ဘဘ ဦးစိုးဝင်းသည် ၂၉-၉-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**တူ၊ တူမ များ**
**ဦးထိုက်သူ-ဒေါ်သင်းသင်းနိုင် မိသားစု**
**ဒေါ်လှဲ့လှဲ့မျိုး**
**ဦးထွန်းထွန်းလင်း-ဒေါ်ဌေးဌေးလှိုင် မိသားစု**
**ဦးဝင်းကျော်-ဒေါ်မိုးစံပယ်**
**ဦးဇာနည်ဇော်ထွန်း-ဒေါ်အေးမြတ်သူ မိသားစု**

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

## ဒေါ်မြင့်မြင့်ဆွေ

**အသက်(၇၃)နှစ်**

**အကောက်ခွန်(ငြိမ်း)**

ရာသက်ပန်အသင်းဝင် အမှတ် (၈၂၂) ဒေါ်မြင့်မြင့်ဆွေသည် ၂၉-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**ကန်တော်ကလေး ထီးတန်းဓမ္မာရုံအသင်း**

## ဦးစိုးဝင်း

**အသက်(၈၁)နှစ်**

အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအောင်မြတ်ထွဋ်၏ဖခင် ဦးစိုးဝင်း (အသင်း၏ ဦးဆောင်နာယကအဖွဲ့ဝင်)သည် ၂၉-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဆရာကြီး ဦးချစ်လှိုင် (အထက-ကျောက်တံခါး/ငြိမ်း)

**အသက်(၉၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ဦးစံကျော်လမ်းနေ (ဦးစံရွှေ-ဒေါ်လှဝင်း)တို့၏ သား၊ (ဦးဖေမောင်-ဒေါ်ဖွားရင်)တို့၏ သားသမက်၊ (ဒေါ်ခင်ကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းသန်းဌေး (မြန်မာ့လေကြောင်း-ငြိမ်း)၊ (ဦးတင်မြင့်)-ဒေါ်ခင်မြသွေး (ပါမောက္ခ-ငြိမ်း၊ ပထဝီဝင်ဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းမြင့်၊ ဦးရွှေသန်းစိုး (Golden Country Design and Construction)-ဒေါ်အေးအေးသန်း၊ ဦးမြင့်ဇော်(BE,EP/1986 R.I.T)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ (ဦးသာထွန်း-ဒေါ်သန်းသန်းတင်)တို့၏ ညီ/မောင်၊ (ဦးကိုကြီး-ဒေါ်ရင်ရွှေ)၊ (ဦးထွန်းလွင်-ဒေါ်ခင်မေကြည်)၊ (ဦးတင်ဦး)တို့၏အစ်ကို၊ တူ/တူမ ၁၄ယောက်တို့၏ ဘကြီး/ဦးလေး၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောက်တံခါးမြို့ ကျွန်းကုန်းတောရကျောင်းသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ အလုပ်အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးဝင်း (၈၁)နှစ်

**စစ်ပြီးခေတ် CENTRAL ကျောင်းသားဟောင်း**
**ပြည်တွင်းအခွန်များလုပ်ငန်းဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲ(ငြိမ်း)**
**မြန်မာနိုင်ငံ ဘောလုံးဒိုင်လူကြီးများအဖွဲ့ချုပ်၊ ဒိုင်လူကြီးဟောင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ် (၃၄)နေ (ဦးစံညွန့်-ဒေါ်အုန်းခင်)တို့၏ သားကြီး၊ (ဦးလှစံ-ဒေါ်သိန်းမြ)တို့၏သားသမက်၊ (ဦးဘသန်း-ဒေါ်လှဦး)တို့၏ ညီ/မောင်၊ (ဦးမောင်မြင့်)၊ (ဦးညွန့်တင်)-ဒေါ်အေးအေးချို(ခ)ဒေါ်ပြုံး၊ ဦးမျိုးမြင့်(မြန်မာစက်မှုဆိပ်ကမ်း-MIP)-ဒေါ်ချိုချိုဝင်း၊ (ဦးအောင်မြင့်-ဒေါ်ခင်သီတာ)တို့၏အစ်ကိုကြီး၊ [ဒေါ်ရီရီ(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း-ငြိမ်း)]၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြတ်ထွဋ်(မြန်မာစက်မှုဆိပ်ကမ်း-MIP)-ဒေါ်ခင်မာအေး၊ ဒေါ်နှင်းယုဝင်း(မြန်မာစက်မှုဆိပ်ကမ်း-MIP)၊ ဦးနေဝင်းထွန်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မြတ်သီဟ(Sony International-Singapore)၊ မအိမ့်မြတ်သွယ်(အထက-၃၊ မင်္ဂလာတောင်ညွန့်၊ ဆဋ္ဌမတန်း)တို့၏ချစ်လှစွာသောအဘိုးသည် ၂၉-၉-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးနေအောင်

**B.Sc (Forestry)**
**ဒု-မန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၈၅၉)၊ မြိတ်လမ်း၊ (၂၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေ ဦးထွန်းတင်-ဒေါ်မမလေးတို့၏ဒုတိယသား၊ ဦးစစ်ကြည်-ဒေါ်ဌေးဌေးသန်း၏ညီ၊ ဦးလှမြင့်၊ ဒေါ်မြင့်သိန်း၊ ဦးလှရီ-ဒေါ်သောင်းကြည်၊ ဦးခင်ထွန်း-ဒေါ်ကျင်လှ၊ ဦးကိုကိုနိုင်-(ဒေါ်ကျင်သိန်း)၊ ဦးလှကြည်၊ ဦးလှငြိမ်းတို့၏အစ်ကိုသည် ၂၉-၉-၂၀၁၈(စနေနေ့) နံနက် ၈း၂၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးနေအောင်

**B.Sc (Forestry)**
**ဒု-မန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်ဌာန၊ မြန်မာ့သစ်လုပ်ငန်း**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၈၅၉)၊ မြိတ်လမ်း၊ (၂၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေ ဦးထွန်းတင်-ဒေါ်မမလေးတို့၏ဒုတိယသား၊ ဒေါ်မြင့်မြင့်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မင်းဇင်-ဒေါ်ဝေမာထွေး၊ ဦးပြည့်စုံအောင်-ဒေါ်အေးအေးထွန်း၊ ဦးကျော်ဇင်လတ်-ဒေါ်သိမ့်သိမ့်အောင်၊ မရည်ရည်အောင်တို့၏ ချစ်လှစွာသောဖခင်၊ (မောင်အောင်ကောင်းမြတ်)၊ မဆုရတီဦး၊ မောင်ဟိန်းထက်နေအောင်၊ မောင်သော်ဟိန်းခန့်တို့၏အဘိုးသည် ၂၉-၉-၂၀၁၈(စနေနေ့) နံနက် ၈း၂၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး မြင့်မော်(ငြိမ်း)

**အသက်(၅၈)နှစ်**

**O.T.S(၆၈)**
**ညွှန်ကြားရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး (နေပြည်တော်)**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ ဈေးတောင်ဘက်နေ (ဦးစိန်မောင်-ဒေါ်ခင်ညွန့်)တို့၏ သားထွေး၊ (ဦးမျိုးဝင်း-ဒေါ်ခင်ဌေးလွင်)၊ (ဒေါက်တာအေးချို-မသီတာစိန်)၊ မနီလာစိန်တို့၏ညီ/မောင်၊ မစန္ဒာညို၏အစ်ကို၊ သုံးဆယ်မြို့နေ ဦးမြတ်စိုး-(ဒေါ်မြင့်မြင့်သိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)လမ်း၊ ဂရိတ်ဝေါလ်ကွန်ဒို၊ အမှတ်(၅၀၃)နေ မောင်ကောင်းခန့်ကျော်၏ဖခင်၊ ဒေါ်စန္ဒာစိုး၏ခင်ပွန်းသည် ၂၉-၉-၂၀၁၈ ရက် နံနက် ၈း၄၀ နာရီတွင် ခုတင် ၅၀၀ အသည်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သိန်း (မာန်အောင်)

**အသက်(၄၇)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မင်းပြင်ရွာနေ (ဦးထွန်းရွှေ)-ဒေါ်မေနုတို့၏ သမီး၊ (ဦးပန်းမြိုင်)-ဒေါ်ပြုံးတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ (နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်) မြန်မာစာဌာန၊ နည်းပြ၊ အဆောင်အမှူးဆရာတော် ဘဒ္ဒန္တဝိဝေကာနန္ဒ မဟာဓမ္မာစရိယ (MA Buddhism)၊ (ဦးကျော်တင်-ဒေါ်ခင်နန်းနွယ်)၊ ဦးကျော်ကျော်သိန်းတို့၏ ညီမ၊ ဦးခင်မောင်သိန်း၊ (ဦးဇော်မင်းဦး)-ဒေါ်ခင်အေးကြည်၊ ဦးကိုကိုအောင်-ဒေါ်ခင်ခင်ဝေတို့၏ အစ်မ၊ ကိုနန်းလှိုင်-မမင်းမင်းစိုး၊ ကိုအောင်ထွန်းလင်း-မအေးသန္တာကျော်၊ ကိုဖြူမင်းကို-မနှင်းအိလှိုင်တို့၏အဒေါ်၊ မဆုသက်ခိုင်၊ မခိုင်ချိုဇင်၊ မအိန္ဒြာဖိုတို့၏ အဘွား၊ ကိုစည်သူဟိန်း-မဒီမိုစိုး၊ ကိုမျိုးမင်းဦးတို့၏ မိခင်၊ ဦးအောင်ကြည်၏ဇနီးသည် ၃၀-၉-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၈(အင်္ဂါနေ့) ညနေ ၃နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အနိစ္စ

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ပျော့

**အသက်(၈၁)နှစ်**

**ကော့ကရိတ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ် (၂၄၁)၊ သုံးလွှာ၊ (၃၉)လမ်း(အထက်)နေ (ဦးမောင်ပု-ဒေါ်သက်)တို့၏ သမီးကြီး၊ (ဦးမောင်ကြိုင်)၏ဇနီး၊ ဒေါ်ခင်ဝင်း၊ ဦးမျိုးသိန်း-ဒေါ်စန်းစန်းရီ၊ ဒေါ်သန်းသန်းဌေး၊ ဦးမျိုးနိုင်-ဒေါ်နွဲ့နွဲ့ဦးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်မင်းဟိန်းကိုကို၊ မမြတ်စုရတီသော်၊ မောင်ဟိန်းမြတ်သူနိုင် တို့၏ အဘွားသည် ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ဆွေ(မော်ကျွန်း)

**အကောက်ခွန် (ငြိမ်း)**

**အသက် (၇၃) နှစ်**

မော်လမြိုင်ကျွန်းမြို့နေ (ဦးကိုကိုကြည်-ဒေါ်အေးသိန်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၃)လမ်းအောက်၊ အမှတ် (၆၀၅-B)နေ (ဒု-ဗိုလ်မှူးကြီးစိုးနိုင်)-ဒေါ်ညွန့်ညွန့်ဌေးတို့၏အစ်မကြီး၊ ဗိုလ်မှူးစိုးပိုင်-ဒေါ်ဇွန်သစ်နိုင်(အကောက်ခွန်)၊ ဦးစောဆန်းသူ (အကောက်ခွန်)-ဒေါ်မြတ်သဇင်နိုင်(အကောက်ခွန်)တို့၏ကြီးကြီး၊ မဇွန်သက်မှူးပိုင်(ပထမတန်း-G၊ ဒဂုံ-၁)၊ မောင်ရဲရင့်နိုင်လင်း (Nursery-1 NIEC)တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၂၉-၉-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၈ (သောကြာနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းရီ

**အသက် (၇၀)**

ဦးလှမောင်၏သမီး ဒေါ်ခင်သန်းရီသည် နံနက် ၇း၃၀ နာရီတွင် အမှတ် (၂၁၉)၊ ရွှေဟင်္သာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ ရက် ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးရန်လင်းမြင့်(ခ)ဦးသံချောင်း

**အသက်(၄၈)နှစ်**

**B.A (Myanmar)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ မာန်ပြေ (၁၀)လမ်း/အနောက်၊ အမှတ်(၄၁၈)နေ ဦးလှမြင့်(ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)-ဒေါ်တင်မြရီ(စာရင်းစစ်ချုပ်ရုံး-ငြိမ်း၊ အတွင်းရေးမှူး၊ သာကေတမြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)တို့၏ ဒုတိယသား၊ (ဦးအောင်ခိုင်ဦး)-ဒေါ်ခင်စန်းမြင့်တို့၏ ညီ/မောင်၊ ဦးမျိုးဝင်းမြင့်-ဒေါ်မင်းမင်းစန်း၊ ဦးနှင်းလွင်ဦး-ဒေါ်တင်သန္တာမြင့်(MFTB)တို့၏အစ်ကို၊ ဒေါ်ကြူ၏ခင်ပွန်း၊ ကိုကောင်းမြတ်နိုး-မဖူးဖူးတို့၏ဖခင်သည် ၂၉-၉-၂၀၁၈ (စနေနေ့) ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ကျိစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၈ (သောကြာနေ့) နံနက်တွင် အထက်ပါ သာကေတမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးခေမာစာရကိတ္တိ

**သိက္ခာတော်(၁၉)ဝါ၊ သက်တော်(၈၁)နှစ်**

အင်းစိန်မြို့နယ်၊ အောင်ဆန်းမြို့၊ စဉ့်ငူရပ်ကွက်၊ တောရတပ်ဦးကျောင်းတိုက်၊ အမှတ်(၇၇)၊ မိုးကုတ်ဝိပဿနာတောရတပ်ဦးတွင် သီတင်းသုံးတော်မူသောကျေးဇူးတော်ရှင် အောင်ဆန်းဆရာတော် Dr.ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၏ တပည့် ဦးခေမာစာရကိတ္တိသည် (၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်) ၂၉-၉-၂၀၁၈ (စနေနေ့) ည ၉း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို ၁-၁၀-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့်ကျောင်းမှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၈ (သောကြာနေ့) နံနက်တွင် အမှတ်(၇၇)၊ မိုးကုတ်ဝိပဿနာတောရတပ်ဦးကျောင်းတိုက်၊ စဉ့်ငူရပ်ကွက်၊ အောင်ဆန်းမြို့၊ အင်းစိန်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းတင် အသက်(၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၀)လမ်း၊ အမှတ်(၈၆၄)နေ (ဦးထွန်းဖေ-ဒေါ်သဲဖြူ)တို့၏ သမီး၊ (ဦးစိုးသန်း)၏ ဇနီး၊ ဒေါ်ခင်ဖြူဝင်း၊ ဦးခင်မောင်သင် (YANGON THANLWIN HOTEL)၊ ဒေါ်ခင်ဌေးဝင်း(ဒု-ညွှန်မှူး၊ အလည)၊ ဦးမင်းအောင် တို့၏ မိခင် သည် ၂၉-၉-၂၀၁၈ (စနေနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တ/ဥ နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်ပို (၈၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၂၇)၊ ပ-ထပ်၊ (၃၉)လမ်းနေ (ဦးကီးယား)၏ဇနီး၊ ဒေါ်ဘိယုံ၊ ဒေါ်သင်းသင်း၊ ဦးဇော်ဦး-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်း-ဒေါ်မေမြတ်မွန်၊ ဒေါ်မာလာဝင်း-ဦးအောင်မြင့်လွင်၊ ဒေါ်ဖြူဖြူဝင်း-ဦးမြင့်သိန်း၊ ဦးအောင်နိုင်ဦး-ဒေါ်ကေသီစိုး၊ ဦးတင်လှိုင်ဦး-ဒေါ်ခင်သီတာမြင့်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်ကျင်ပိုသည် ၂၉-၉-၂၀၁၈(စနေနေ့) ဒေသစံတော်ချိန် ဝ၀း၁၅နာရီ (မြန်မာစံတော်ချိန် ၁၃း၄၅ နာရီ)တွင် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဒေလီစီးတီးမြို့နေအိမ်၌ ကွယ်လွန်သွားပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်စိန်မြင့်မြင့် (၈၃)နှစ်

**ဝန်ထောက်(ငြိမ်း)၊ အမှတ်(၉၈၁)၊ ပစ္စည်းထိန်းအင်ဂျင်နီယာတပ်**

ရန်ကုန်မြို့နေ (ဦးစိုးညွန့်-ဒေါ်မြကြည်)တို့၏ သမီး၊ (ဦးလှကြည်)၏ ဇနီး၊ ဦးမြတ်ဇော်ဦး-(ဒေါ်တင်တင်ပြုံး)၊ ဦးမြတ်မော်ဦး-ဒေါ်ဝင်းဝင်းဆွေ၊ ဦးသန်းဌေး-ဒေါ်ဥမ္မာမော်၊ (ဦးအောင်ကိုကို)-ဒေါ်ချို၊ (ဦးအောင်ချိုချို)တို့၏ မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်စိန်မြင့်မြင့်သည် ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၈ (စနေနေ့)တွင် အမှတ်(၁၄)၊ တိုက်အမှတ်(၁၀)၊ ကြီးပွားရေးအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်တင်အောင် (၇၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ သဃာအေးရပ်ကွက်နေ (ဦးဘရှင်-ဒေါ်တင်လှ)တို့၏ သမီးကြီး၊ (ဦးသောကြာ-ဒေါ်မြဆွေ)တို့၏ သမီးချွေးမ၊ တိုက်(၄)၊ အခန်း(၁၉)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်(၈)ရပ်ကွက်နေ ဦးဟန်မောင်၏ဇနီး၊ ညီမခြောက်ယောက်တို့၏ အစ်မအကြီးဆုံး၊ ဦးစံသောင်း-ဒေါ်ဝင်းတင်၊ (ဦးလှဝင်း)-ဒေါ်တင်တင်အေး၊ (ဆရာမဒေါ်စန်းစန်းသီ)၊ ဦးလှထွန်း-ဒေါ်စီစီသန်း၊ မဝင်းဝင်းမော်၊ ဦးအောင်မင်းစိုး-ဒေါ်စန္ဒာတင်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်တင်အောင်သည် ၃၀-၉-၂၀၁၈ရက် နံနက် ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား ဒါယကာကြီး

## ဦးကျော်ထင်(ခ)လင်ရောက်ဝိုး

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၁၄)နေ (ဦးလင်ဂျော်ကျွမ်း)၊ (ဒေါ်တန်ဘင်အ)တို့၏ တတိယသား၊ ဦးတင်မြင့်-(ဒေါ်ကြူကြူ)တို့၏ မောင်၊ (ဦးစိန်ဝင်း)-ဒေါ်ချူး၊ ဦးအောင်-ဒေါ်စန်းမြင့်တို့၏ညီ၊ ဦးကျော်အောင်-ဒေါ်မြမြအေး၊ (ဦးကျော်ထွန်း)၊ ဒေါ်ဌေးဌေးရီ၊ ဒေါ်ထွေးထွေးရီတို့၏ အစ်ကို၊ တူ/တူမ ၁၀ ယောက်တို့၏ဦးလေး ဦးကျော်ထင်သည် ၃၀-၉-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၂း၀၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးခင်အောင်မြင့်

**အသက်(၆၉)နှစ်**

**စက်မှု(၂)၊ ကစလ(ငြိမ်း)**

ရန်ကုန်မြို့၊ အမှတ်(၆၄၀/၆၄၂)၊ (တ/ထပ်)၊ နိဗ္ဗာန်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကျင်မြ-ဒေါ်ကျင်တင်)တို့၏သား၊ (ဦးတင်ဦး-ဒေါ်ခင်မေ)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့် (အခြေခံပညာ-ငြိမ်း)၏ ခင်ပွန်း၊ (ဦးမြင့်သိန်းထွန်း)-ဒေါ်ဝင်းဝင်းကြည်တို့၏ညီ၊ ဦးအုန်းသွင်-ဒေါ်ထီလာခင်၊ ဦးတင်ဌေ-ဒေါ်ခင်ခင်ဝင်း၊ (ဒေါ်ခင်သန်းမြင့်)၊ (ဗိုလ်မှူးမောင်မြင့်)-ဒေါ်အေးအေးသင်း၊ (ဦးမြင့်စိုး)-ဒေါ်ဖြူဖြူဝင်း တို့၏ အစ်ကို၊ ဦးအောင်ဇော်လင်း-ဒေါ်လှဲ့လှဲ့ထွေးတို့၏ဖခင်၊ မနေခြည်ထက်(ILBC)၊ မမေဂျူးဂျူး(ILBC)တို့၏ ချစ်လှစွာသော ဘိုးဘိုး ဦးခင်အောင်မြင့်သည် ၂၉-၉-၂၀၁၈ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဟံသာဝတီကိုအနိုင်ယူပြီး ရန်ကုန်အသင်း ရှုံးထွက်ချန်ပီယံဆုဆွတ်ခူး




ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပထမဆုရ ရန်ကုန်အသင်းနှင့် အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ရန်ကုန် စက်တင်ဘာ ၃၀**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ ရန်ကုန်အသင်း ဗိုလ်စွဲပြီး ရှုံးထွက်ချန်ပီယံဆုကို ဒုတိယအကြိမ် ရယူနိုင်ခဲ့သည်။

**ရန်ကုန်အသင်း - နှစ်ဂိုး**
**ဟံသာဝတီအသင်း - တစ်ဂိုး**

ရှုံးထွက်ပြိုင်ပွဲ ခေတ်ဦးကာလတွင် ဗိုလ်စွဲထားသည့် အသင်းနှစ်သင်း၏ ဒုတိယအကြိမ် ချန်ပီယံဆုအတွက် ယှဉ်ပြိုင်သည့်ပွဲဖြစ်ပြီး ရန်ကုန်အသင်းက ဒုတိယအကြိမ်ရယူနိုင်ခဲ့ပြီး ၂၀၁၁ ရာသီတွင် ဗိုလ်စွဲပြီးနောက်ပိုင်း တစ်ကျော့ပြန်ဗိုလ်စွဲခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ရှုံးထွက်ချန်ပီယံဆု ထပ်မံ ရယူနိုင်သောကြောင့် အမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံဆုကို တစ်ရာသီအတွင်း ရယူနိုင်သည့် တတိယမြောက်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ရန်ကုန်အသင်းသည် မိနစ် ၆၀ တွင် ကစားသမားနှစ်ဦး ထုတ်ပယ်ခံရသောကြောင့် နှစ်ယောက်လျော့ဖြင့် ကစားရသော်လည်း အံ့အားသင့်ဖွယ်ရာ ချေပဂိုးနှင့် အနိုင်ဂိုးသွင်းပြီး ရှုံးထွက်ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ချန်ပီယံဆုအတွက် ရှုန်းကန်အား**

ဟံသာဝတီအသင်းသည် ယခုပွဲတွင် ၎င်းတို့ကစားနေကျပုံစံဖြစ်သည့် ပထမပိုင်းတွင် ထိန်းကစားပြီး ဒုတိယပိုင်းတွင် ကစားအားတင်သည့်ပုံစံဖြင့် ကစားခဲ့သည်။ ရန်ကုန်အသင်းသည် ပထမပိုင်းတွင် ပိုဖိကစားနိုင်သော်လည်း ချန်ပီယံဆုအတွက် ရှုန်းကန်အားကို နှစ်ယောက်လျော့၊ တစ်ဂိုးဖြင့်ရှုံးနိမ့်နေသည့် မိနစ် ၇၀ နောက်ပိုင်းတွင် တွေ့မြင်ခဲ့ရသည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမား သုံးဦးအပါအဝင် အတောင့်တင်းဆုံး လူစာရင်းဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ပထမပိုင်းတွင် ရန်ကုန်အသင်းက ကစားပုံပိုကောင်းသော်လည်း **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

## ဆီးဂိမ်းနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ ယူ-၂၁ အသင်းအား နှစ်သင်းခွဲ၍ ဖွဲ့စည်း




မြန်မာ ယူ-၂၁ (က)အသင်းတွင် ရွေးချယ်ခံရသည့် ကွင်းလယ်လူ လွင်မိုးအောင်။

**ရန်ကုန် စက်တင်ဘာ ၃၀**

ယခုနှစ်ကုန်ပိုင်းနှင့် ၂၀၁၉ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ ယူ-၂၁ အသင်းကို နှစ်သင်းခွဲ၍ ဖွဲ့စည်းခဲ့ပြီး အောက်တိုဘာ ၂ ရက်တွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၁(က) အသင်းတွင် ကစားသမား ၂၉ ဦး၊ (ခ)အသင်းတွင် ကစားသမား ၂၀ ရွေးချယ်ခံထားရသည်။ မြန်မာ ယူ-၂၁(က) အသင်းတွင် ဂိုး-ဆန်းဆက်နိုင်(ရန်ကုန်)၊ စိုးအာကာ(ရခိုင်)၊ ဘုန်းသစ္စာမင်း(ရှမ်း)၊ နောက်တန်း-ကျော်သက်ဦး၊ ရဲရင့်အောင်၊ အောင်ဝဏ္ဏစိုး(ရတနာပုံ)၊ ဇင်ရဲနောင်၊ စိုးမိုးကျော်၊ သန်းထိုက်ဇင်(အား/ကာသိပ္ပံ)၊ သက်ပိုင်ထွေး၊ ဖွဲ့ထက်မင်း(ရှမ်း)၊ ဝင်းမိုးကျော်၊ ကျော်သူထွန်း(မကွေး)၊ သူရိန်စိုး(ရန်ကုန်)၊ အလယ်တန်း-အောင်နိုင်ဝင်း၊ မြတ်ကောင်းခန့်၊ ပြည့်စုံနိုင်(ရတနာပုံ)၊ ဇေယျာနိုင်၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ်(မကွေး)၊ နန်းထိုက်ဇင်၊ လွင်မိုးအောင်(အား/ကာသိပ္ပံ)၊ ဖွဲ့သက်ပိုင်(ရှမ်း)၊ ဟိန်းထက်အောင်(ဟံသာဝတီ)၊ ရှေ့တန်း-ဝင်းနိုင်ထွန်း (ရတနာပုံ)၊ စအောင်ပြည့်ကို (ရှမ်း)၊ ဇင်မင်းထွန်း(မကွေး)၊ ချမ်းငြိမ်း(Southern)၊ ထက်အာကာလင်း (အား/ကာသိပ္ပံ)တို့ ရွေးချယ်ခံထားရသည်။ မြန်မာ ယူ-၂၁(ခ)အသင်းတွင်မူ ဂိုး-စိုင်းသီဟ(ရှမ်း)၊ အောင်မျိုးထွေး(မြဝတီ)၊ **စာမျက်နှာ ၉ ကော်လံ ၄ သို့ ✻**



မြန်မာ့စနူကာချန်ပီယံ ကိုထက်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။

## အာရှဖိတ်ခေါ် စနူကာပြိုင်ပွဲတွင် မြန်မာမှ ကိုထက် ချန်ပီယံဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၃၀

**မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် Asia Invitational Snooker Championship 2018 အာရှဖိတ်ခေါ် စနူကာပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကိုထက်က ချန်ပီယံဆုကို ထိုက်တန်စွာဆွတ်ခူးရရှိခဲ့သည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

